ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957
၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-5-2015) (စ၁၉၉)

## ဗုဒ္ဓအလိုကျ အဆုံးအမတော်

သဗ္ဗပါပဿ အကရဏံ - မကောင်းတာ(အကုသိုလ်)ဟူသမျှ ဘာမျှမလုပ်ပါနှင့်။
ကုသလဿ ဥပသမ္ပဒါ - ကောင်းတာ(ကုသိုလ်)မှန်သမျှ အားလုံးပြုလုပ်ပါ။
သစိတ္တ ပရိယောဒပနံ - မိမိစိတ်ကို မိမိနိုင်အောင်ထိန်းပါ။
(မကောင်းတာ မလုပ်ဖြစ်အောင် စိတ်ကိုထိန်းပါ)
ဧတံ ဗုဒ္ဓါန သာသနံ - ဤသုံးမျိုးသည် ဗုဒ္ဓ၏အလိုတော်ကျ အဆုံးအမတည်း။

(ဓမ္မပဒ)

# စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်

# ပြည်ပသို့ တင်ပို့ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ ပို့ဆောင်မှုများ ခေတ်မီနည်းပညာများ အသုံးပြု



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာရွှေသစ်သီးဝလံကုမ္ပဏီမှ စိန်တလုံးသရက်သီးများ နိုင်ငံတကာအဆင့်မီ သန့်စင်ထုပ်ပိုးရန် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ *(သတင်း စာမျက်နှာ - ၃)* (သတင်းစဉ်)

## ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာ သတ်မှတ်နိုင်ရေး ဆောင်ရွက်မည်

**မြစ်ကြီးနား မေ ၁၂**

မြန်မာနိုင်ငံမြောက်ပိုင်းဒေသ ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ ခါကာဘိုရာဇီရေခဲတောင်ဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင် နေရာအဖြစ် သတ်မှတ်နိုင်ရေးအတွက် ယနေ့ နံနက်ပိုင်းက ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးခန်းမ၌ ဆွေးနွေးပွဲကျင်းပသည်။

မြန်မာပြည် မြောက်ပိုင်းဒေသသည် သဘာဝအလှတရားများနှင့် ပြည့်စုံပြီး အရှေ့တောင်အာရှတွင် တစ်ခုတည်းသော ရေခဲတောင်ဒေသဖြစ်သည့်အတွက် ခါကာဘိုရာဇီဒေသကို ကမ္ဘာ့သဘာဝအမွေအနှစ်စာရင်းဝင်နေရာအဖြစ် သတ်မှတ်နိုင်ရေး၊ အဆိုပါဒေသများတွင်နေထိုင်သည့် တိုင်းရင်းသားလူမျိုးများ၏ လူနေမှုအဆင့်အတန်း မြင့်မားလာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမျိုးသားအမွေအနှစ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် ဒေသခံတိုင်းရင်းသားများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများပါ ဆောင်ရွက်သွားနိုင်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ ပြည်နယ်သစ်တောနှင့်သတ္တုဝန်ကြီး၊

**စာမျက်နှာ ၅ ကော်လံ ၄ သို့ ▲**



ကြေးမုံစာတည်းရှုထောင့် ၁၃-၅-၂၀၁၅၊ ဗုဒ္ဓဟူးနေ့

# မြန်မာတိုင်းရင်းသားယဉ်ကျေးမှု

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို နေပြည်တော်တွင် မေ ၇ ရက်မှ ၁၂ ရက်အထိကျင်းပခဲ့ရာ ယနေ့တွင် ပြိုင်ပွဲကြီး ကျင်းပပြီးစီး၍ ပါဝင်ယှဉ်ပြိုင်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ သက်ဆိုင်ရာ ပြိုင်ပွဲအလိုက် ထူးချွန်သူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ယခုကျင်းပခဲ့သော ပြိုင်ပွဲကြီးသည် ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားသည့် ပြိုင်ပွဲကြီးဖြစ်သည်ကို သတိပြုမိပေသည်။ ယခင်က မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးအဖြစ် ကျင်းပခဲ့ရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များဖြင့် ပါဝင်ဆင်နွှဲခဲ့ပါသည်။ ယခုအခါ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုကို အထူးပြုဆင်နွှဲခဲ့သဖြင့် မြန်မာတိုင်းရင်းသားအားလုံးနှင့် သက်ဆိုင်သည့် ပိုမိုကျယ်ပြန့်သော အနုသုခုမပွဲသဘင်ကြီး ဖြစ်လာခဲ့ပါသည်။

ကျင်းပရသည့် ဦးတည်ချက်တွင်လည်း တစ်မျိုးသားလုံး၏ အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် မြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ထာဝရရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားတို့၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် ပါဝင်ဆောင်ရွက်ရေးတို့ကို ရည်ရွယ်ထားပါသည်။

ထို့ကြောင့် တစ်မူထူးခြားသည်ဟု ဆိုရမည်ဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာများမှာ မကြာခဏတင်ဆက်လေ့ရှိသဖြင့် မြန်မာတို့သာမက နိုင်ငံတကာကပါ သိရှိကြပါသည်။ ပြည်နယ်များတွင် နေထိုင်ကြသည့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှုများ၊ အမျိုးသားရေးနှင့် စရိုက်လက္ခဏာများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ယခုကဲ့သို့ ဖော်ထုတ်ပေးလိုက်ခြင်းသည် အလွန်ပင်ထူးခြားကောင်းမွန်လှပေသည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားမျိုးနွယ်စုများစွာတို့သည် ရှေးယခင်ကတည်းက နှစ်ကာလရှည်ကြာ အတူတကွအေးချမ်းပျော်ရွှင်စွာ ယှဉ်တွဲဖြစ်ထွန်းခဲ့ပါသည်။ ရေကိုသား၍ အကြားမထင်သည့် စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲစေရန် အတူတကွ တည်ဆောက်ခဲ့ကြပါသည်။ ထိုသို့တည်ဆောက်နိုင်ရန်အတွက် အပြန်အလှန်နားလည်မှု၊ စာနာမှုများနှင့် ရင်းရင်းနှီးနှီးဖော်ဆောင်ခဲ့ကြပါသည်။ "စိုသည့်လက် မခြောက်စေနှင့်" ဆိုသကဲ့သို့ မြန်မာနိုင်ငံ၏ အေးချမ်းစိုပြည်နေသည့် တွဲလက်များသည် မည်သည့်အခါကမျှ ခြောက်သွေ့ခြင်းမရှိခဲ့ချေ။

ထိုကဲ့သို့ဖြစ်ထွန်းခဲ့ခြင်းသည် တိုင်းရင်းသားညီအစ်ကို မောင်နှမများ တစ်ဦး၏ရိုးရာဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ အနုသုခုမများကို တစ်ဦးက အပြန်အလှန်လေးစားခြင်း၊ မျှယူခံစားခြင်းဟူသည့် စိတ်ဓာတ်များရှိနေသောကြောင့်ဖြစ်ပါသည်။ ရေမြေအနေအထားအရ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုအနုသုခုမဖော်ဆောင်မှုဟန်ပန်များ အနည်းငယ်ကွဲပြားသော်လည်း တစ်စိတ်တစ်ဝမ်းတည်း စုစည်းနေထိုင်ခြင်းဟူသော အခြေခံများရှိနေသောကြောင့် ပြည်ထောင်စုစိတ်ဓာတ် ဆက်လက်ရှင်သန်နေခြင်းဖြစ်ပါသည်။

တစ်ပြည်ထောင်အတွင်း တည်ရှိနေသည့်အတွက် ဟန်ပန်ကွဲပြားနေစေကာမူ မိသားစုတစ်စုအတွင်းမှ ညီအစ်ကိုမောင်နှမများကဲ့သို့ တစ်သွေးတည်း တစ်သားတည်းသာဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့ညီအစ်ကိုမောင်နှမတိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုစရိုက်လက္ခဏာများ၊ အမွေအနှစ်များ ရှင်သန်ထွန်းကားနေစေရန်အတွက် ဝိုင်းဝန်းဖော်ထုတ်အသိအမြင်မျှဝေကြရမည်မှာ ပြည်ထောင်စုသားအားလုံး၏ သမိုင်းပေးတာဝန်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှသည် ပြည်ထောင်စုသားတိုင်းရင်းသားအားလုံး ချစ်ကြည်စည်းလုံးခြင်းကို ထာဝရဖော်ဆောင်နေမည်ဖြစ်ပါသည်။ ။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆားဘီးယားနိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၁၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဆားဘီးယားနိုင်ငံ သမ္မတ H.E. Mr. Tomislav Nikolic အား မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ဆားဘီးယားနိုင်ငံ သမ္မတရုံးသို့ သွားရောက်တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်ခဲ့သည့် သမိုင်းကြောင်းကို ဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် မြန်မာ့တပ်မတော်က ထောက်ခံကူညီဆောင်ရွက်သွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ဆားဘီးယားနိုင်ငံ သမ္မတက ဆားဘီးယားနိုင်ငံ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရတိုင်း မြန်မာနိုင်ငံက ထောက်ခံအားပေးကူညီခဲ့သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း ဆွေးနွေးပြောကြားပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်များအကြား ရှိရင်းစွဲဆက်ဆံရေးကို မြှင့်တင်ရန် လာရောက်ခြင်းဖြစ်ပြီး ၁၉၅၀ ခုနှစ်မှ စတင်ခဲ့သည့် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး သမိုင်းကြောင်းတွင် နှစ်ဖက်ခေါင်းဆောင်များသည် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**(မြဝတီ)**



# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အိန္ဒိယနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၁၂**

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Mr. Gautam Mukhopadhaya အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ ဇွန် ၂၁ ရက်တွင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ ယောဂနေ့ကျင်းပမည့်အခြေအနေများ၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံအကြား သာသနာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်မြန်မာနိုင်ငံမှ ဗုဒ္ဓဂယာဘုရားဖူးများ အဆင်ပြေချောမွေ့စွာ ဘုရားဖူးသွားရောက်နိုင်ရေးကိစ္စများ စသည်တို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**




စာအုပ်စာပေ လူ့မိတ်ဆွေ

ယာဉ်မောင်း(၅)ဦး အမြန်အလိုရှိသည်။
လစာ - ၁၈၀၀၀၀ မှ ၂၀၀၀၀၀
ဆက်သွယ်ရန် -
01 8610253/4, 09 43187145

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၂**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၇၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၉၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၃၀ ကျပ် |

**၄-၅-၂၀၁၅ ရက်နေ့မှ ၈-၅-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၇၅ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၆၅၉ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| **ရန်ကုန်** | **ရွှေဈေး** | **၇၀၁၄၀၀** | **-** | **၇၀၂၄၀၀** |
| **မန္တလေး** | **ရွှေဈေး** | **၇၀၀၉၀၀** | **-** | **၇၀၁၉၀၀** |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၈၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၀၃. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၃. ၉၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၉၆၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၃၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၈၆၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၉၉. ၂၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၈. ၄၆၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၅၂. ၆၁ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၀၆. ၈၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ဝင်ခွင့်ကြိုတက်ထားသူများ ကျိန်းသေအကျိုးများစေရမည်။ အင်္ဂလိပ်စာ 70000/- အပြီးဖြင့် စသင်မည် ။ ကျန်ဘာသာများ တရားဝင်ခေါ်ချိန်တွင်သင်မည် ။ ခုံနံပါတ်ပြည့်လျှင် လုံးဝ လက်ခံမည်မဟုတ်။ အချိန်စာရင်း ကို https://www.facebook.com/hantha.saya တွင်ကြည့်ပါ ။
UFL MA
အဖြူလေး
ဦးဟန်သာ အင်္ဂလိပ်စာ
တက္ကသိုလ် ဆရာဟောင်း
since1984 အမှတ်၅(၃လွှာ) ဦးထွန်းလင်းခြံလမ်း ၊ ကမာရွတ်လှည်းတန်း 095146452
ကြိုတင်ပြင်ဆင် အောင်ပွဲဝင်
တက္ကသိုလ်ဝင်ခွင့်များ
စသင်နေပါပြီ
The following multiplication example, including the answer, uses each number from 0 to 9 once and once only. Four of the numbers are filled in for you. Can you fill the missing digits? ( time allowed : two minutes )
* 0 2
3 *
* 5 * * *
၂၀၀၀ ခုနှစ်ကွန်ပျူတာတက္ကသိုလ်ဝင်ခွင့် သင်္ချာမေးခွန်းဟောင်းပုံစံ
မေးခွန်းဟောင်းပုံစံအပြည့်အစုံကို facebook တွင် addလုပ်ပြီးဝင်ကြည့်နိုင်သည်

# စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင် ပြည်ပသို့ တင်ပို့ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ ပို့ဆောင်မှုများ ခေတ်မီနည်းပညာများ အသုံးပြု

**နေပြည်တော် မေ ၁၂**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယို ဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း တောင်သူပညာပေး ဧက(၉၀၀) စိုက်ခင်းရှိ မြန်မာနယူးဧရာကုမ္ပဏီ၏ အဆင့်မြင့်အအေးခန်းစနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသိုလှောင်ရုံတွင် မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီက ဆောင်ရွက်လျက်ရှိသည့် ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများအား ခေတ်မီစက်များဖြင့် နိုင်ငံတကာအဆင့်မီ သန့်စင်ထုပ်ပိုးနေမှုကို လှည့်လည်ကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်အား လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့အား သိုလှောင်ရုံရှိ ရှင်းလင်းဆောင်၌ မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီမှ ဒါရိုက်တာများက မြန်မာစိန်တလုံးသရက်သီးများ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအဆင့်အဆင့်၊ လက်ရှိပြည်ပဈေးကွက် အခြေအနေနှင့် တင်ပို့နေမှု၊ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး ရာသီဥတုနှင့် ရေမြေအနေအထားအရ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့ရန် အသင့်တော်ဆုံးအနေအထားတွင်ရှိပါကြောင်း၊ ထိုသို့ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရာတွင် စိုက်ပျိုးမှု၊ ထုပ်ပိုးမှု၊ ပို့ဆောင်မှုများကို မိရိုးဖလာနည်းလမ်းများအတိုင်း မဆောင်ရွက်ကြဘဲ ခေတ်မီနည်းပညာများအသုံးပြုကြရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် တောင်သူများအား ခေတ်မီစိုက်ပျိုးရေးနည်းပညာများ စနစ်တကျတတ်မြောက်စေရေးအတွက် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးနိုင်ရေးနှင့် စိုက်ပျိုးရေးသင်တန်းကျောင်းများ ဖွင့်လှစ်နိုင်ရေးတို့အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပညာရှင်များနှင့်ဆက်သွယ်ပြီး ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း။

ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အကျိုးပြုနေသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ မွေးမြူရေးလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြရန်နှင့် ကမ္ဘာ့ဈေးကွက်တွင် အော်ဂဲနစ်စိုက်ပျိုးရေး ထုတ်ကုန်များသည် ဈေးကောင်းရနိုင်သည့်အတွက် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာအပါအဝင် သွင်းအားစုများ သုံးစွဲမှုကို လျှော့ချသင့်ပါကြောင်း။

ထို့ပြင် ပြည်ပဈေးကွက်များသို့ တင်ပို့နေသည့် သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ မူပိုင်ခွင့်မှတ်ပုံတင်ဖြင့် စနစ်တကျတင်ပို့နိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် သရက်စိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီး သရက်အစုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်တို့က ဒေသအလိုက် သရက်စိုက်ပျိုးထုတ်လုပ်နိုင်မှုအခြေအနေနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် သိုလှောင်ရုံအတွင်း ခင်းကျင်းပြသထားသည့် ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများ၊ သရက်သီးအခြောက်ထုပ်များ၊ သရက်သီးအနှစ်ဘူးများနှင့် သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် KOSPA ကုမ္ပဏီမှ အအေးခန်းမော်တော်ယာဉ်အား လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီမှ မြန်မာစိန်တလုံးသရက်သီး၊ ဖရဲသီး၊ သခွားမွှေးတို့ကို ရာသီအလိုက် စင်ကာပူ၊ ဟောင်ကောင်၊ ဒူဘိုင်းနှင့် မလေးရှားနိုင်ငံများသို့ နေ့စဉ် တင်ပို့လျက်ရှိရာ ယခုအခါ မြန်မာစိန်တလုံးသရက်သီးများကို တစ်ရက်လျှင် (၁၀) တန် တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီမှ ထုတ်လုပ်သော ပြည်ပပို့ကုန် စိန်တလုံးသရက်သီးများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၁၂**

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ ထားဝယ်အထူးစီးပွားရေးဇုန်တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ဦးဆောင်သောအဖွဲ့သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Hiroto IZUMI ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ Prime Hill Business Square ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံဖက်စပ်ဖွဲ့စည်းတည်ထောင်ထားသော ထားဝယ်အထူးစီးပွားရေးဇုန် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက် (Special Purpose Vehicle-SPV) တွင် ဂျပန်နိုင်ငံက အဖွဲ့ဝင်အဖြစ်ပါဝင်ရေး၊ SPV သို့ ထားဝယ် JICA မှ ကျွမ်းကျင်သူနှစ်ဦး စေလွှတ်အကူအညီပေးရေး၊ ထားဝယ်အထူးစီးပွားရေးဇုန်မှ မြန်မာ-ထိုင်း နယ်စပ်အထိ အဝေးပြေးကားလမ်းဖောက်လုပ်ရန် အကြိုဖြစ်နိုင်ခြေလေ့လာမှုပြုလုပ်ရေး၊ ထားဝယ် SEZ အတွက် မဟာဗျူဟာစီမံကိန်းရေးဆွဲမှုတွင် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ ဘက်စုံလွှမ်းခြုံနိုင်သော မဟာဗျူဟာစီမံကိန်းရေးဆွဲမှုအတွက် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ပေးရေး၊ ထားဝယ် SEZ အကောင်အထည်ဖော်ရေးအတွက် မြန်မာ-ထိုင်းနှင့် ဂျပန် နိုင်ငံပါဝင်လာမည့် Memoradum of Intent(MOI) ပြုစု၍ အမြန်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများကို ဆွေး နွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ထားဝယ်အထူးစီးပွားရေးဇုန် တည်ဆောက်ရေးအထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌနှင့်အတူ ထားဝယ် SEZ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်၊ ထားဝယ် SEZ ငွေကြေးနှင့် ရန်ပုံငွေရှာဖွေစုစည်းရေးကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း၊ ထားဝယ် SEZ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ညှိနှိုင်းရေးဆွဲရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ မြန်မာနိုင်ငံဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်၊ ဂျပန်နိုင်ငံအစိုးရအဖွဲ့ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



## စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် တစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးအား ထုတ်ပြန်ပေးသွားမည်

**ရန်ကုန် မေ ၁၂**

ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချလျက်ရှိသည့် စက်သုံးဆီများကို ပြည်ပမှ မှာယူတင်သွင်းလျက်ရှိပြီး နေ့စဉ်ဖြစ်ပေါ်လျက်ရှိသော နိုင်ငံတကာစက်သုံးဆီဈေးနှုန်း (MOPS Price)၊ ငွေလဲလှယ်နှုန်း (Exchange Rate)နှင့် ပြည်တွင်းသုံးစွဲမှုများပေါ်မူတည်၍ ပြည်တွင်းစက်သုံးဆီရောင်းဈေးနှုန်းမှာလည်း အတက်အကျဖြစ်ပေါ်ပြောင်းလဲလျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းများ တင်သွင်းသိုလှောင်သယ်ယူ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံစက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်းအနေဖြင့် နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် နိုင်ငံတကာစက်သုံးဆီဈေးနှုန်း (MOPS Price)၊ ငွေလဲလှယ်နှုန်း (Exchange Rate)၊ ပရီမီယမ်ကြေးပေးဆောင်ရမည့် အခွန်အခများနှင့် သိုလှောင်ကိုင်တွယ်စရိတ်များကို အခြေခံတွက်ချက်၍ ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် တစ်ပတ်အတွင်း ပျမ်းမျှအရင်းဈေးအား အပတ်စဉ် တနင်္လာနေ့တိုင်း ရုပ်မြင်သံကြားနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ **(တင်နိုင်စိုး)**

# နှစ်နိုင်ငံအကြား ဥပဒေရေးရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် မစ္စတာ ဗွီကေ ရာဂျာ့ရှ် အက်စ်စီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ် မစ္စတာ ဗွီကေ ရာဂျာ့ရှ်အက်စ်စီ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်း၊ ဦးရဲထွဋ်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ ရှေ့နေချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူ သံအမတ်ကြီး မစ္စတာ ရောဘတ်ချွာလည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဥပဒေရေးရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ အပြည်ပြည်ဆိုင်ရာ ဥပဒေနှင့်ပတ်သက်သည့် ပညာတော်သင်များ စေလွှတ်နိုင်ရေး၊ မြန်မာနိုင်ငံဥပဒေကဏ္ဍ၌ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

# နှစ်နိုင်ငံ တပ်မတော်တို့အကြား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၁၂**

ဆားဗီးယားနိုင်ငံ၌ ချစ်ကြည်ရေး ခရီးရောက်ရှိနေသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ဆားဗီးယား နိုင်ငံ ကာကွယ်ရေးဝန်ကြီး H.E. Mr. Bratislav Gasic က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို မေ ၁၁ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးပြကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဆားဗီးယား ကာကွယ်ရေးဝန်ကြီးတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဆားဗီးယားနိုင်ငံ ကာကွယ်ရေးဝန်ကြီးတို့သည် ဝန်ကြီး၏ ဧည့်ခန်းမ၌ သီးသန့်တွေ့ဆုံဆွေးနွေးကြသည်။

ထို့နောက် မြန်မာ- ဆားဗီးယား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပကြသည်။**(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော်တို့ အကြား အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မြန်မာ့တပ်မတော်နှင့် ဆားဗီးယားနိုင်ငံ တပ်မတော်နှစ်ရပ် အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သော်နှင့် ဆားဗီးယားနိုင်ငံ State Secretary / ဒုတိယ ကာကွယ်ရေးဝန်ကြီး Mr. Zoran Djordijevic တို့က လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Avala Tower သို့ သွားရောက်လေ့လာကြသည်။

ထို့နောက် ဆားဗီးယားနိုင်ငံ၏ သူရဲကောင်း စစ်သည်ဗိမာန် (Mount Avala) သို့ ရောက်ရှိပြီး ပန်းခွေချ အလေးပြုကြသည်။

ညနေပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Batajnica မြို့ရှိ အမှတ် (၂၀၄) လေတပ်မဟာ စခန်းဌာနချုပ်သို့ ရောက်ရှိရာ လေတပ်ဦးစီးချုပ် ဗိုလ်ချုပ် Ranko Ziaik၊ လေတပ်မဟာ စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် Predrag Bandic နှင့် အရာရှိကြီးများက ကြိုဆိုကြသည်။



ထို့နောက် လေတပ်မဟာစခန်းဌာနချုပ်မှူးက လေတပ်မဟာစခန်းဌာနချုပ်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသော လေယာဉ်များကို ကြည့်ရှုလေ့လာကြသည်။**(ဝဲပုံ)**

ညပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဆားဗီးယား တပ်မတော်စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး Ljublsa Dlkovic က Members of Parliament Club၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

မေ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် Nikinci မြို့ရှိ Yogoimport ကုမ္ပဏီ ပြခန်းသို့ ရောက်ရှိကြပြီး ပြခန်းအတွင်း ခင်းကျင်းပြသထားသည့် အသုံးအဆောင် ပစ္စည်းများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ယာဉ်တင်အမြောက်များ၊ တင့်များ၏ သရုပ်ပြမောင်းနှင်လုပ်ဆောင်မှုများအား ကြည့်ရှုလေ့လာပြီး သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား Head of Development Division ဖြစ်သူ Mr.Mamir Djurkovic က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

◆◆◆



**▲ ခါကာဘိုရာဇီမှ**

လူမှုရေးဝန်ကြီးနှင့် ဥပဒေချုပ်တို့သည် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေသံအမတ်ကြီး H.E.Ann Ollesrad၊ UNESCO ယဉ်ကျေးမှုဌာနမှ Mr.Tim Curtis နှင့်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ခါကာဘိုရာဇီဒေသအား ကမ္ဘာ့သဘာဝအမွေအနှစ် စာရင်းဝင်နေရာအဖြစ် သတ်မှတ်နိုင်ရေးအတွက် ယမန်နေ့က ဟိုတယ်မြစ်ကြီးနား အစည်းအဝေးခန်းမ၌ ပြည်နယ်သစ်တောနှင့် သတ္တုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ၎င်းတို့နှင့်ဆက်စပ်ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ တက္ကသိုလ်မှ ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ NGO/ INGO အဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်ပြန်/ဆက်**

# ယာယီသက်သေခံလက်မှတ်အကြောင်း သိကောင်းစရာ

ဦးဟန်ညွန့် (ဥပဒေ)

### အများပြည်သူစိတ်ဝင်စား

ယခုတစ်လော အများပြည်သူ စိတ်ဝင်စားနေကြသည့် ကိစ္စတစ်ရပ်မှာ "ယာယီသက်သေခံလက်မှတ်"အကြောင်း ဖြစ်နေသည်။ ဘာကြောင့် စိတ်ဝင်စားကြသနည်း။ ဘယ်လိုအရေးကြီးသလဲ။ ဥပဒေရှုထောင့်မှ သုံးသပ်တင်ပြအပ်ပါသည်။

### ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ

"ယာယီသက်သေခံလက်မှတ်ဆိုသည်မှာ သက်သေခံကတ်ပြားအစား ထုတ်ပေးသည့် ကာလအပိုင်းအခြားအလိုက် အတည်ဖြစ်သော မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်ကိုဆိုလိုသည်"ဟု ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေအပိုဒ် ၂(င)တွင် ဖွင့်ဆိုထားပါသည်။ ဤလက်မှတ်သည် သက်သေခံကတ်ပြား ချက်ချင်းမထုတ်ပေးနိုင်သေးသည့်ကိစ္စရပ်များတွင် သက်သေခံကတ်ပြားအစား ထုတ်ပေးသည့်လက်မှတ်ဖြစ်ပါသည်။ သက်သေခံလက်မှတ်အား နည်းဥပဒေအပိုဒ် ၁၃(၂)တွင် ပုံစံ(၃)ဖြင့် သတ်မှတ်ထားပါသည်။

### ထုတ်ပေးနိုင်သည့် အကြောင်းခြင်းရာများ

ယာယီသက်သေခံလက်မှတ်ထုတ်ပေးနိုင်သည့် အကြောင်းခြင်းရာများမှာ -

(က) မှတ်ပုံတင်စာရင်းများတွင် ရေးသွင်းနည်းလမ်းတကျ လုံလောက်စွာ ရေးသွင်းပြီးပြီဟု စာရင်းထိန်းက ယူဆလျှင်သော်လည်းကောင်း၊

(ခ) ပျောက်ဆုံးသော (သို့တည်းမဟုတ်) ပျက်စီးသော (သို့တည်းမဟုတ်) မထင်မရှားဖြစ်သော သက်သေခံကတ်ပြားအစား အခြားကတ်ပြားတစ်ခုထုတ်ပေးရန် လျှောက်လွှာတင်သွင်းလျှင်သော်လည်းကောင်း၊

(ဂ) မှတ်ပုံတင်အရာရှိချုပ်က ယေဘုယျ(သို့တည်းမဟုတ်) အထူးအမိန့်ဖြင့် သီးခြားဖော်ပြသည့် အခြားအကြောင်းအရာများရှိလျှင်သော်လည်းကောင်း ထုတ်ပေးနိုင်ပါသည်။

### အဖြူရောင်ကတ် (WHITE CARD)

ဘာ့ကြောင့် "ဝှိုက်ကတ်"ဟုခေါ်သနည်း။ ကတ်ပြား၏ အရောင်သည် အဖြူရောင်ဖြစ်နေသည့်အတွက် လွယ်လွယ်ကူကူပင် အများက WHITE CARD (ဝှိုက်ကတ်)အဖြူရောင်ကတ်ဟု နှုတ်ကျိုးနေကြသည်။ ခေါ်ဝေါ်နေကြသည်။ သက်သေခံလက်မှတ်၏ တကယ့်တရားဝင်အခေါ်အဝေါ်သည် Temporary Identity Certificate ဖြစ်ပါသည်။

### ဥပဒေနှင့်အညီ

ယာယီသက်သေခံလက်မှတ်များကို နိုင်ငံတော်က ဥပဒေနှင့်အညီ ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ၁၉၅၁ ခုနှစ် မြန်မာနိုင်ငံအတွင်းနေထိုင်ကြသူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၁၃၊ ၁(ဂ)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်နှင့်အညီ တရားဝင်ထုတ်ပေးထားခြင်းဖြစ်ပါသည်။ ဤကတ်ပြားကို ကိုင်ဆောင်ထားသူများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော် အချုပ်အခြာအာဏာပိုင်နယ်မြေအတွင်း နေထိုင်သူများဖြစ်ကြောင်း သက်သေခံနိုင်ပေသည်။ တစ်နည်းအားဖြင့် မည်သည့်ကတ်ပြားမျိုးပင်ဖြစ်စေ တရားဝင်ကတ်ပြားတစ်မျိုးမျိုးကို ကိုင်ဆောင်ခြင်းမရှိသေးသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ မြန်မာနိုင်ငံသားအဖြစ် စိစစ်ရန်ကျန်နေသူများ၊ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ အထောက်အထားများတင်ပြရန် အခက်အခဲရှိသဖြင့် နိုင်ငံသားအရည်အချင်းသတ်မှတ်မှု မပြုနိုင်သေးသောသူများနှင့် ၁၉၄၈ ခုနှစ် နိုင်ငံခြားသားမှတ်ပုံတင်ရေး အက်ဥပဒေတွင်ပါသော နိုင်ငံခြားသားများကိုင်ဆောင်ရမည့် မှတ်ပုံတင်တစ်မျိုးမျိုးကို ကိုင်ဆောင်ခွင့်မရှိသေးသောသူများအား ယာယီသက်သေခံကတ်ပြားလက်မှတ်ထုတ်ပေးခဲ့ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီကိုယ်တိုင် ရှင်းလင်းမိန့်ကြားခဲ့ပါသည်။ (၁၈-၂-၂၀၁၅ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများမှ ကောက်နုတ်ဖော်ပြချက်)

### သက်တမ်းသတ်မှတ်ချက်

ထို့ပြင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သက်တမ်းသတ်မှတ်ချက်နှင့် စပ်လျဉ်း၍-

ဒီကတ်ပြားနဲ့ပတ်သက်ပြီး သက်တမ်းသတ်မှတ်ချက်ရှိပါတယ်။ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ ၁၃-၃ မှာဆိုရင် သက်သေခံလက်မှတ်အတည်ဖြစ်တဲ့ကာလကို ရက်အားဖြင့်ပိုင်းခြားသတ်မှတ်နိုင်တယ်လို့ အကြမ်းဖျဉ်းဖော်ပြထားပါတယ်။ အဲဒီတော့ ဒီကတ်ပြားကို ၁၉၉၅ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှစပြီး ထုတ်ပေးခဲ့တာပါ။ အဲဒီတုန်းက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေအရ စိစစ်ပြီးလို့ရှိရင် ဒီကတ်ပြားသက်တမ်းကုန်ပြီလို့ ဆိုခဲ့ပါတယ်။ . . . ဟုလည်း ၁၈-၂-၂၀၁၅ ရက်တွင် ရှင်းလင်းပြောကြားခဲ့ပါသည်။

### နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်စွဲဖြင့် နိုင်ငံတော်သမ္မတရုံးက အမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ ကို ထုတ်ပြန်ခဲ့ပေသည်။ ယင်းအမိန့်ကြော်ငြာစာတွင် ယာယီသက်သေခံလက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊ သက်တမ်းကုန်ဆုံးသည့်လက်မှတ်များအပ်နှံရေး စိစစ်မှုလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်း၊ လေ့လာသုံးသပ်အကြံပြုရေးကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်သွားမည့်အကြောင်း စသည့်အချက်များပါဝင်ပေသည်။ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် လက်မှတ်ရေးထိုးထုတ်ပြန်ခြင်းလည်းဖြစ်ပါသည်။

### အက်ဥပဒေနှင့် နည်းဥပဒေများ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် စီမံခန့်ခွဲသော ဥပဒေများကို လိုက်နာကျင့်သုံးလျက်ရှိပါသည်။ စီမံခန့်ခွဲသော ဥပဒေများအပြင် အခြားဥပဒေ၊ အက်ဥပဒေများ၊ နည်းဥပဒေများကိုလည်း ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ရပေသည်။

**ယာယီသက်သေခံလက်မှတ်နှင့် စပ်လျဉ်း၍-**

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများ မှတ်ပုံတင်ရေး အက်ဥပဒေ
(ဥပဒေအမှတ် ၄၁/၁၉၄၉)

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်ရေး နည်းဥပဒေ
(၁၉၅၁ ခုနှစ်)

(ဂ) နိုင်ငံတော်သမ္မတရုံး၏ ၁၁-၂-၂၀၁၅ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၁၉/၂၀၁၅ (ပြည်ထောင်စု မြန်မာနိုင်ငံအတွင်းနေထိုင်သူများမှတ်ပုံတင်ရေး အက်ဥပဒေပုဒ်မ ၅ နှင့်အညီ ထုတ်ပြန်ခြင်းဖြစ်ပါသည်)

### သမိုင်းနှင့် ဥပဒေ

ယာယီသက်သေခံလက်မှတ်အကြောင်းကို ဆွေးနွေးလေ့လာမည်ဆိုပါလျှင် ဥပဒေအမြင်သက်သက်ဖြင့် လေ့လာရုံမျှနှင့် မလုံလောက်ပါ။ သမိုင်းအမြင်နှင့် ဥပဒေအမြင် ပေါင်းစပ်ယှဉ်တွဲလေ့လာသုံးသပ်မှသာ မြင်ကွင်းစုံပန်းချီကားသဖွယ် ကျယ်ပြန့်၊ ပြည့်စုံ၊ လှပမည်ဟု ဆောင်းပါးရှင်ကယုံကြည်ပါသည်။ အဘယ်ကြောင့်နည်း။ နိုင်ငံတော်အချုပ်အခြာအာဏာပိုင်ခွင့်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီးနှင့် လက်တွဲဖော်ဆောင်သည့် နိုင်ငံသားနှင့် တိုင်းရင်းသားခေါင်းဆောင်များသည် နိုင်ငံ၏ ရေရှည်အကျိုးကိုရည်ရွယ်၍ ဥပဒေများရေးဆွဲပြဋ္ဌာန်းခဲ့ကြောင်း သမိုင်းမှတ်တမ်းရှိသောကြောင့်ဖြစ်ပါသည်။ သို့ဖြစ်ရာ သမိုင်းအဆက်ဆက် ခေတ်သစ်ကာလတိုင် ဤမူသဘောကို လေးစားသုံးသပ်သင့်ပါသည်။ မည်သို့ဆိုစေ တရားဥပဒေအကြောင်းအရ ညီညွတ်မျှတမှုရရှိစေရေး၊ ပွင့်လင်းမြင်သာမှုရှိစေရေး ဦးတည်ချက်များကို ဦးထိပ်ပန်ဆင်ကာ တရားဥပဒေအမြင်ကို တင်ပြအပ်ပါသည်။

### အိမ်နီးချင်းနိုင်ငံများ

မြန်မာနိုင်ငံ၏အနေအထား၊ တည်ရှိဖွဲ့စည်းပုံသည် ထူးခြားသည်ဟု ဆိုရမည်လား။ သီးခြား မိမိနိုင်ငံ တစ်နိုင်ငံတည်းရပ်တည်နေခြင်းမဟုတ်။ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်ပူးတွဲနေသည်။ ပတ်သက်နေသည်။ ကူးလူးနေသည်။ ဆက်ဆံနေသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စသည်. . . စသည်။

### နှစ် ၂၀ ကျော် မပြတ်မသား

"ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်း ၂၀ ကျော် မပြတ်မသားဖြစ်နေတဲ့ အခြေအနေကို အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးမှာ ကဏ္ဍတစ်ခု အဖြစ်သွားဖို့ လိုအပ်ပါပြီ"ဟု နိုင်ငံတော်သမ္မတ၏အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစိစ်အေးက ၁၈-၂-၂၀၁၅ ရက်တွင် ဆွေးနွေးပြောကြားချက်ကို ကြိုဆိုလိုက်ပါသည်။ နှစ် ၂၀ ကျော် ဘာကြောင့်မပြတ်မသားဖြစ်ခဲ့ရသနည်း။ ဤအဖြေကို တာဝန်ရှိသူများနှင့် ကာယကံရှင်များကသာ တိတိကျကျသိရှိကြမည်ဖြစ်ပါသည်။ အစိုးရသစ်လက်ထက် ပြုပြင်ပြောင်းလဲရေးအတွက် တာဝန်ရှိသူများ ပွင့်လင်းမြင်သာစွာ ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရန်အချိန်တန်ပါပြီ။ အနာဟောင်းအတိုင်း ပစ်ပယ်ထားပါက အနာရင်းပြီး မလိုလားအပ်သော ပြဿနာများနှင့်သာ ရင်ဆိုင်ရဖွယ်ရှိပါမည်။ ပြဿနာ၏အရင်းအမြစ်၊ အပြစ်အနာအဆာ၊ ဆိုးကျိုး ကောင်းကျိုး စသည်များအား ပွင့်လင်းမြင်သာစွာ သုံးသပ်၊ အဖြေရှာဖို့အချိန်တန်ပါပြီဟု ဆောင်းပါးရှင်က မျှော်လင့်ယုံကြည်ပါသည်။

### ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ

၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေသည် ယနေ့တိုင် တည်ဆဲဥပဒေတစ်ရပ်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ရုပ်သိမ်းရန်၊ ပြင်ဆင်ရန် မလိုအပ်သေးကြောင်း၊ တည်ဆဲ(အတည်ဖြစ်ဆဲဖြစ်ကြောင်း) လေ့လာသိရှိပါသည်။ အမြဲတမ်းတည်နေမည်။ တစ်သက်လုံးမပြင်ရဟု အဓိပ္ပာယ်မဆောင်ပါ။ သို့ဖြစ်၍ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေကို နက်နက်ရှိုင်းရှိုင်း၊ ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ စူးစမ်းလေ့လာသင့်ကြပါသည်။ ပုဂ္ဂိုလ်ရေးမဖက်၊ မည်သူ့မျက်နှာမှမကြည့်ဘဲ နိုင်ငံတော်အကျိုး၊ ပြည်သူလူထုအကျိုး ဦးတည်ချက်ဖြင့် သုံးသပ်လေ့လာအပ်ပါသည်။ အချိန်ကာလ၊ ခေတ်စနစ်ပြောင်းလဲလာမှုများကိုလည်း မမေ့အပ်ပါ။ ယနေ့ကမ္ဘာ၏ ခေတ်မီတိုးတက်မှု၊ အပြည်ပြည်ဆိုင်ရာ တရားဥပဒေစနစ်၊ လူ့အခွင့်အရေးစံများ၊ အမျိုးသားရေး စည်းလုံးညီညွတ်မှု၊ ပြည်ထောင်စုအရေး စသည့် ဘက်ပေါင်းစုံအမြင်များကို ကြိုဆိုပါသည်။ ကျဉ်းမြောင်းသောအယူအဆကို လေ့နံ့ခါးထစ် အုတ်မြစ်ချထားခြင်းမှာလည်း မလိုလားအပ်ဟု ဆောင်းပါးရှင်က သုံးသပ်ပါသည်။

### နိုင်ငံသားဆိုသည်မှာ

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၁) ပုဒ်မ ၂(ခ)တွင် "နိုင်ငံသားဆိုသည်မှာ မြန်မာနိုင်ငံသားကို ဆိုသည်" ဟု ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### နိုင်ငံခြားသားဆိုသည်မှာ

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၁) ပုဒ်မ ၂(င)တွင် "နိုင်ငံခြားသားဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ (သို့မဟုတ်) ဧည့်နိုင်ငံသားမဟုတ်သောသူ (သို့မဟုတ်) နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်"ဟု ရှင်းရှင်းလင်းလင်း အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

### နိုင်ငံသားဖြစ်ခြင်း

မြန်မာနိုင်ငံသားဥပဒေ၊ အခန်း(၂) ပုဒ်မ ၃ တွင် "နိုင်ငံတော်တွင်ပါဝင်သော နယ်မြေတစ်ခုခု၌ မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်မတိုင်မီကာလမှစ၍ ပင်ရင်းနိုင်ငံအဖြစ် အမြဲနေထိုင်ခဲ့သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားများနှင့် မျိုးနွယ်စုများသည် မြန်မာနိုင်ငံသားများဖြစ်သည်"ဟု ပြဋ္ဌာန်းထားပါသည်။

### ဆန္ဒမဲပေးခွင့်

"ယာယီသက်သေခံလက်မှတ် ကိုင်ဆောင်ထားသူများကို ဆန္ဒမဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းရှိ၊ မရှိ"ပြဿနာပေါ်ပေါက်ခဲ့ပေသည်။ ယာယီသက်သေခံလက်မှတ် (ဝှိုက်ကတ်) ကိုင်ဆောင်ထားသူများကို မဲပေးခွင့်ပြုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု ၁၆-၂-၂၀၁၅ ရက်စွဲဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ပြည်ထောင်စုလွှတ်တော်သို့ ပြန်ကြားခဲ့ပေသည်။

### ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ

"ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၁ ပါ ပြဋ္ဌာန်းချက်အရ လွှတ်တော်အဆင့်ဆင့်ကို ရွေးကောက်ရာတွင် နိုင်ငံသားများသာမက ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူကိုပါ ဆန္ဒမဲပေးရန် ခွင့်ပြုထားသည့်အတွက် ပုဒ်မ ၃၉၁ ပြဋ္ဌာန်းချက်တွင်ပါရှိသော "ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ"ဆိုသည့်စကားရပ်ကို အဓိပ္ပာယ်ကောက်ယူရန် လိုအပ်လာကြောင်း၊ ထို့အပြင် နိုင်ငံတော်အခြေခံမူများ၊ အခန်း(၁) ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်သည်" ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)တွင် "နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်" ဟူ၍လည်းကောင်း၊ ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်အချုပ်အခြာအာဏာ၏ အရင်းအမြစ်မှာ နိုင်ငံသားများသာဖြစ်ပြီး နိုင်ငံသားများသာ ရွေးကောက်တင်မြှောက်သူ၊ ရွေးကောက်တင်မြှောက်ခံသူများဖြစ်ကြောင်း၊ သို့ဖြစ်ရာ ပုဒ်မ ၃၉၁ တွင် ပါရှိသော "ဥပဒေအရ ဆန္ဒမဲပေးခွင့်ရှိသူ" ဟုဆိုရာတွင် နိုင်ငံသားအရည်အချင်းရှိသူများကို ရည်ရွယ်သည်မှာ မြင်သာကြောင်း" နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ပြန်ကြားချက်တွင် ဖော်ပြပါရှိပေသည်။

(ဆက်လက်ဖော်ပြပါမည်)

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ကျေးလက်နေပြည်သူတို့အတွက် လူထုဗဟိုပြုစီမံကိန်းမှာ မပြတ်မနေဆက်လက်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀) နာရီတွင် ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနအတွက် ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ချေးယူခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးနုက ဝန်ကြီးဌာနအနေဖြင့် လူထုဗဟိုပြုစီမံကိန်းကို ဆင်းရဲနွမ်းပါးသော ကျေးလက်လူထုများ၏ အခြေခံလူမှုစီးပွားအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲနိုင်စေရန်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးလက်ပြည်သူလူထု၏ စွမ်းဆောင်ရည်နှင့် အရည်အသွေးများကို မြှင့်တင်ပေးရန်၊ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများတွင် ထိရောက်လျင်မြန်စွာ တုံ့ပြန်နိုင်ရန် စသည့် ရည်ရွယ်ချက်များချမှတ်ကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို သိရှိရပါကြောင်း၊ ကျေးလက်နေပြည်သူတို့အတွက် လူထုဗဟိုပြုစီမံကိန်းမှာ ဆောင်ရွက်ဆဲ စီမံကိန်းတစ်ရပ်ဖြစ်နေပြီး မပြတ်မနေ ဆက်လက်တိုးချဲ့ဆောင်ရွက်ရန်လည်း လိုအပ်နေသဖြင့် လွှတ်တော်က သဘောတူအတည်ပြုသင့်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ကမ္ဘာ့ဘဏ်၏ ချေးငွေ သန်း ၄၀၀ဖြင့် ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် ကြွေးမြီဝန်ထုပ်ဝန်ပိုးကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း၊ သုည ဒသမ ၇ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခ နည်းသည်ဆိုသော်လည်း နှစ်ပေါင်း ၃၀ ကျော်ကြာပေးဆပ်ရမည့် ဝန်ဆောင်ခငွေသည် ဒေါ်လာသန်းချီရှိမည်ကို သတိပြုသင့်ပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အရည်အသွေးပြည့်ဝသောဝန်ထမ်းများကို လေ့ကျင့်ပျိုးထောင်ပြီး လုပ်ငန်းများ၏

**စာမျက်နှာ ၉ သို့** ❁

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အဝေးသင်တက္ကသိုလ်ဘွဲ့နှင့် နေ့ကျောင်းတက်တက္ကသိုလ်ဘွဲ့ဟူ၍ တစ်ကြိမ်တစ်ခါမှ ခွဲခြားသတ်မှတ်ခေါ်ယူမှုမရှိခဲ့

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၄၄ ရက်မြောက်နေ့ကို ယနေ့နံနက်(၁၀)နာရီတွင် ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၌ ဦးကိုကိုနိုင်ဗိုလ်ချုပ်(ငြိမ်း)အား ကော်မရှင်အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်ကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း၏ **၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းနှင့် သောက်သုံးရေကန်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေနှင့် ယခု လာမည့် ၂၀၁၅ ခုနှစ် ဇွန်လ မိုးရာသီမတိုင်မီ စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၃၉၄၉ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၄၂၆၈ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၂၀၁၅ -၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၃၆၆၂ ရွာ၌ ရေရရှိရေးလုပ်ငန်းပေါင်း ၃၉၅၇ ကို ဆောင်ရွက်ရန်ခွင့်ပြုထားပြီး ၂၀၁၅ ခုနှစ် မေလအတွင်း တင်ဒါကြော်ငြာခေါ်ယူ၍ ဇွန်လအတွင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။


ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ။


ဒေါ်တင်နွယ်ဦး။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရနှင့် နေ့ကျောင်းတက် တက္ကသိုလ်များမှဘွဲ့ရ အရည်အချင်း သတ်မှတ်ရာ၌ တူညီမှု ရှိ၊ မရှိနှင့် အစိုးရဝန်ထမ်း အလုပ်လျှောက်ထားရာတွင် ခွဲခြားဆုံးဖြတ်သတ်မှတ်ခြင်းများ ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့၏ အဆိုပြုချက်အရ အရာထမ်းအဆင့်ဝင်ပေါက် ရာထူးအတွက် ကြေညာခေါ်ယူရာတွင် အဝေးသင်တက္ကသိုလ်ဘွဲ့နှင့် နေ့ကျောင်းတက် တက္ကသိုလ်ဘွဲ့ဟူ၍ တစ်ကြိမ်တစ်ခါမှ ခွဲခြားသတ်မှတ်ခေါ်ယူမှုမရှိခဲ့သလို ရေးဖြေအောင်မြင်ပြီးသူ ပုဂ္ဂိုလ်များအား လူတွေ့စစ်ဆေးခြင်း ပြုလုပ်ရာတွင်လည်း အဝေးသင်တက္ကသိုလ်ဘွဲ့နှင့် နေ့ကျောင်းတက် တက္ကသိုလ်ဘွဲ့ဟူ၍ ခွဲခြားပြီးရွေးချယ်ပေးခြင်း အလျဉ်းမရှိခဲ့ပါကြောင်းနှင့် အရည်အချင်းပြည့်မီပြီး နိုင်ငံ့ဝန်ထမ်းကောင်းဖြစ်လာနိုင်သူများကို အတတ်နိုင်ဆုံး မှန်ကန်မျှတစွာဖြင့် စစ်ဆေးရွေးချယ်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၏ **နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားနေစေရန် တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ အခြေခံပညာ အထက်တန်းကျောင်းများမှ ဆရာ၊ ဆရာမများ၊ တရားရေး၊ ဥပဒေရေးရာ အတွေ့အကြုံရှိဝန်ထမ်းများအား အခြားနိုင်ငံများနည်းတူ နိုင်ငံတော်၏အကျိုးအတွက် ဝန်ထမ်းများ၏ သက်တမ်းတိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက နိုင်ငံ့ဝန်ထမ်းတစ်ဦး အငြိမ်းစားယူရမည့်အသက်ကို မိမိနိုင်ငံ၏ အခြေခံအကြောင်းရင်းများသာမက ဒေသတွင်းနိုင်ငံများ၊ အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် လက်ရှိကျင့်သုံးနေသည့် အငြိမ်းစားယူရမည့် အသက် သတ်မှတ်ချက်ကို လေ့လာနှိုင်းယှဉ်၍ အချိုးအစား သင့်တင့်မျှတအောင် သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အခြားအာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ချိန်ထိုးကြည့်ပါက အငြိမ်းစားယူရမည့်အသက်ကို လက်ရှိ (၆၀) နှစ်ထက် တိုးမြှင့်သတ်မှတ်ခဲ့မည်ဆိုပါက ရာထူးအဆင့်လိုက် လစ်လပ်နေရာ မရှိ၍ နိုင်ငံ့ဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ရေးအတွက် ရာထူးနေရာပိတ်ဆို့မှုဖြစ်ပေါ်နိုင်ခြင်း၊ အငြိမ်းစားယူရမည့် အသက်ကို တိုးမြှင့်သတ်မှတ်ခဲ့ပါက ဘွဲ့ရလူငယ်များအတွက် အလုပ်အကိုင်ရရှိရေး ပိုမိုကျပ်တည်းလာနိုင်ခြင်း စသည့် အချက်များကြောင့် နိုင်ငံ့ဝန်ထမ်းများ၏ သက်ပြည့်ပင်စင်ခံစားရမည့် အသက်ကို တိုးမြှင့်ပေးရန် လောလောဆယ်တွင် မသင့်တော်ဟု ယူဆပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်-၅/၂၀၀၅) ကို ပြင်ဆင်သည့် ဥပဒေကြမ်း**အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်က မှတ်တမ်းတင်သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ စိစစ်ထောက်ခံတင်ပြပါက ချေးငွေပေးဆပ်ကာလကို ဘဏ်ကရွှေ့ဆိုင်းပေးနိုင်

**နေပြည်တော် မေ ၁၂**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး လယ်ယာကဏ္ဍဆိုင်ရာမေးခွန်းများနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်ရီ၏ **ဧရာဝတီတိုင်းဒေသကြီး ကြံခင်းနှင့် မြန်အောင်မြို့နယ်များရှိ တောင်သူများအနေဖြင့် ရာသီဥတုဖောက်ပြန်ပြီး မိုးရေချိန်လုံလောက်အောင် မရရှိခဲ့၍ မိုးသီးနှံစပါးပေါ်မှ ဝင်ငွေလုံးဝမရရှိခဲ့ပါသဖြင့် စိုက်ပျိုးစရိတ်ချေးငွေကို နိုင်ငံတော်မှ တစ်နှစ်ဆိုင်းပေးခြင်းဖြင့် ကူညီပံ့ပိုးပေးရန် အစီအစဉ်ရှိမရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် နည်းဥပဒေအရ သဘာဝဘေးဒဏ်ကြောင့် သီးနှံပျက်စီးချိန်တွင် အချိန်နှင့် တစ်ပြေးညီတင်ပြပါက မြို့နယ်ဘဏ်ခွဲမှ ကွင်းဆင်းစစ်ဆေး၍ သတ်မှတ်သည့် အတိုင်းအတာအထိ ပျက်စီးသည်ဆိုလျှင် ဒေသအာဏာပိုင်များ၏ ထောက်ခံချက်ဖြင့် ချေးငွေပေးဆပ်ကာလကို ဘဏ်က ရွှေ့ဆိုင်းပေးနိုင်ပါကြောင်း၊ ဘဏ်၏စည်းကမ်းချက်အတိုင်း ကြွေးဟောင်း မကျေပါက ကြွေးသစ် မရနိုင်ပါကြောင်း၊ အမှန်တကယ် သီးနှံပျက်စီးမှုအပေါ် ရပ်ကွက်၊ ကျေးရွာအုပ်စု၊ မြို့နယ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့မှ စိစစ်ထောက်ခံတင်ပြပါက ချေးငွေပေးဆပ်ကာလကို ဘဏ်က ရွှေ့ဆိုင်းပေးနိုင်သော်လည်း တောင်သူကို ထုတ်ပေးသည့် ချေးငွေများသည် မြန်မာ့စီးပွားရေးဘဏ်မှ အတိုးဖြင့် ယူရသောငွေများဖြစ်၍ ချေးငွေပေးဆပ်သည့် နေ့အထိ ဘဏ်က သတ်မှတ်ထားသော အတိုးနှင့် ဒဏ်တိုးများကို ပေးဆောင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးရဲမင်းထွေး၏ **မိတ္ထီလာခရိုင် မလှိုင်မြို့ရှိ ဗဟိုစိုက်ပျိုးရေးခြံတွင် သီးနှံစိုက်ပျိုးရေးသုတေသနလုပ်ငန်းများနှင့် မျိုးစေ့မျိုးကောင်း၊ မျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းကို ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဗဟိုစိုက်ပျိုးရေးခြံသည် ကုန်းတွဲဆည်ထက် ပို၍မြင့်သောနေရာတွင် တည်ရှိသောကြောင့် ရေရရှိရေးခက်ခဲပါသဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ လက်ငင်းရေတွင်း တစ်တွင်းကို မော်တာတပ်ဆင်၍ ခြံ၏စိမ်းလန်းစိုပြည်ရေးနှင့် တစ်ပိုင်တစ်နိုင် သီးနှံခင်းများ ရေပေးသွင်းခြင်းအတွက် အသုံးပြုလျက်ရှိပါကြောင်း၊ အကျယ်အဝန်း (ဝဒသမ ၆၀)ဧက အနက်(၉) ပေရှိ ရေကန်တစ်ကန်ကို ယခင်က ဝန်ထမ်းများ သောက်သုံးရေအဖြစ် အသုံးပြုခဲ့ပြီး ယခုအခါ ရေခန်းခြောက်လျက်ရှိပါကြောင်း၊ ၎င်းရေကန်ကို ၂၀၁၅-၂၀၁၆ မိုးရာသီသီးနှံစိုက်ပျိုးချိန်အမီ ပြန်လည်တူးဖော်ပေးသွားမည်ဖြစ်ကြောင်း၊ မလှိုင်ဗဟိုခြံအတွင်း မျိုးစေ့ချကိရိယာတစ်ခုကို ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်တွင် ဖြည့်ဆည်းပေးခဲ့ပါကြောင်း။


ဒုတိယဝန်ကြီး ဦးအုန်းသန်း။


ဦးခင်မောင်ရီ။

မြေယာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဧကကွက်ဖော်ထုတ်ခြင်း၊ မြေညှိခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပြီး လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးပေးနိုင်ရန် အမှန်လိုအပ်သော ရန်ပုံငွေ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် မရရှိခဲ့ပါသဖြင့် နောင်နှစ်များတွင် ဆက်လက်တင်ပြတောင်းခံ၍ ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာဝင်းမြင့်အောင်၏ **စိုက်ပျိုးရေးကဏ္ဍတွင် မြေများငှားရမ်းလုပ်ကိုင်နေခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးမှူးများအား တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်အဖြစ်လည်းကောင်း၊ ခရိုင်မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း တာဝန်ပေးအပ်ထားရှိပါကြောင်း၊ ထို့ပြင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ထားရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ၌ မြေများငှားရမ်းလုပ်ကိုင်မှုကို အတည်ပြုပြဋ္ဌာန်းပြီးသော လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းခွင့်ပြုချက်များအတိုင်း ဆောင်ရွက်နိုင်ပါကြောင်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# စာတတ်သူများ စာများများဖတ်ပါက ဗဟုသုတများတိုးပွားပြီး ရှေ့ရေးကိုပို၍ မြင်နိုင် ကြားနိုင်

**နေပြည်တော်　　မေ　၁၂**

၂၀၁၅ ခုနှစ် အခြေခံစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ အားကစားကွင်း၌ ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တက္ကသိုလ်များမှ ဆရာ ဆရာမများ၊ အခြေခံစာတတ်မြောက်ရေးလုပ်အားပေးအဖွဲ့ တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် လုပ်အားပေးဆရာ ဆရာမများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပညာရေးမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကား ပြောကြားရာ၌ ယနေ့ကျင်းပသည့် အခမ်းအနားသည် အခြေခံမြန်မာစာတတ်မြောက်ရေး ကြိုးစားသင်ယူနေကြသည့် ဟသ်ာတမြို့နယ်အတွင်းရှိ ရပ်ရွာပြည်သူလူထုများ၊ လုပ်အားပေးသင်ကြားပြသနေကြသော ဟသ်ာတတက္ကသိုလ်မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို အားပေးချီးမြှင့်ရန် လာရောက်ခဲ့ခြင်းဖြစ်ပါကြောင်း။

အခြေခံစာတတ်မြောက်ရေးဆိုသည်မှာ အခြေခံဖြစ်သည့် အရေး၊ အဖတ်၊ အတွက် သို့မဟုတ် အများသိထားကြသည့် "အ" သုံးလုံးကျေစာသင်ကြားရေးလှုပ်ရှားမှုကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ စာတတ်သူများ စာများများဖတ်ပါက ဗဟုသုတများတိုးပွားပြီး ရှေ့ရေးကိုပို၍ မြင်နိုင်ကြားနိုင်သည့်အတွက် မိမိတစ်ဦးချင်းအတွက်ရော၊ မိသားစုအတွက်ရော၊ မိမိဒေသအတွက်ပါ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးစသည့် ဖွံ့ဖြိုးရေးကိစ္စရပ်များစွာကို အထောက်အကူရစေနိုင်မည်ဖြစ်ပါကြောင်း။

ထို့ပြင် တိုင်းပြည်နှင့် ယှဉ်ကြည့်မည်ဆိုလျှင်လည်း စာတတ်ပေတတ် ပညာတတ်များနှင့် ပြည့်စုံသည့်တိုင်းပြည်၏ တိုးတက်ကြွယ်ဝချမ်းသာမှုသည် ယနေ့ကမ္ဘာတွင် ရှေ့ဆုံးတန်း၌ မားမားမတ်မတ် ရပ်တည်နေနိုင်သည်အထိ စာပေပညာက အထောက်အကူပြုနေပါကြောင်း၊ မြန်မာနိုင်ငံတွင် "အ" သုံးလုံးကျေ၊ အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုကို ၁၉၆၄ ခုနှစ် နွေရာသီ ကျောင်းပိတ်ရက်အတွင်း မိတ္ထီလာမြို့နယ်မှ စတင်ခဲ့ကြောင်းကို မှတ်တမ်းအရ သိရှိရပါကြောင်း။

ဆက်လက်၍ နှစ်စဉ်နှစ်တိုင်း တစ်နိုင်ငံလုံးရှိ တက္ကသိုလ်၊ ကောလိပ် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၏ ထက်သန်သည့်စေတနာဖြင့် သင်ကြားပြသပေးမှု၊ ပြည်သူများ၏ ကြိုးစားအားထုတ်သင်ယူမှုကြောင့် မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းကို အလျင်အမြန် တိုးတက်စေနိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ချီးမြှင့်သည့် နိုင်ငံတကာ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုဆုကြီးကို ၁၉၇၁ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးနိုင်ခဲ့ပါကြောင်း၊ ယခု ဒီမိုကရေစီခေတ်ကာလအစိုးရသစ်လက်ထက်၌ အခြေခံစာတတ်မြောက်ရေးကြိုးပမ်းမှုကို ၂၀၁၃ ခုနှစ်တွင် ပြန်လည်စတင်ခဲ့ပါကြောင်း၊ ထိုနှစ်၌ပင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၂၀၀၀ ကျော်က စာမတတ်သူဦးရေ ၂၂၀၀၀ ကျော်ကို လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၄၆၀၀ ကျော်က စာသင်သူပေါင်း ၄၆၀၀၀ ကျော်ကိုလည်းကောင်း သင်ကြားတတ်မြောက်စေခဲ့ပါကြောင်း။

ယခုနှစ် ၂၀၁၅ တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၃၀၀၀ ကျော်က စာမတတ်သူပေါင်း ၂၆၀၀၀ ကျော်ကို ဧပြီ ၁ ရက်မှ စတင်သင်ကြားခဲ့ပြီး မေ ၁၅ ရက်တွင် အပြီးသတ်ကြမည်ဖြစ်ပါကြောင်း၊ ဟသ်ာတမြို့နယ်၏ ရပ်ကွက်/ကျေးရွာများတွင် စာသင်ဝိုင်းပေါင်း ၉၂ ဝိုင်းကို ဟသ်ာတတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၉၉ ဦးတို့က သင်ယူသူပေါင်း ၆၂၀ အတွက် တွေးခေါ်မြော်မြင်တတ်မှု၊ လူမှုစီးပွားဘဝ မြင့်တက်လာမှုကို အထောက်အကူပြုနိုင်အောင် သင်ကြားပြသပေးနေပြီး ဖြစ်ပါကြောင်း။

"အ" သုံးလုံးကျေသင်တန်းအောင်မြင်ကြပြီး စာရေးစာဖတ်သည့် အလေ့အကျင့် ရရှိလာခြင်းအားဖြင့် အထွေထွေဗဟုသုတများ တိုးပွားပြီး အလိမ္မာစာမှာရှိဆိုသလို ပို၍မျက်စိပွင့် နားပွင့်လာကြမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် စက်တင်ဘာ ၈ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာစာတတ်မြောက်ရေးနေ့" အဖြစ် သတ်မှတ်ပြီး နှစ်စဉ် ထိုနေ့ ရောက်လာတိုင်း အခမ်းအနားများဖြင့် တစ်နိုင်ငံလုံး အခြေခံစာသင်ကြားမှုမြှင့်တင်ခြင်း၊ စာဖတ်ဝိုင်းများဖွင့်၍ စာဖတ်ပြိုင်ပွဲများ ကျင်းပခြင်း၊ ဆွေးနွေးဟောပြောခြင်းတို့ဖြင့် စာတတ်မြောက်ရေး အရှိန်အဟုန်ကို တိုးမြှင့်စေခဲ့ပါကြောင်း။

အခြေခံစာတတ်မြောက်အောင်သင်ကြားပြီး တတ်မြောက်ထားသည့် အရေး၊ အဖတ်၊ အတွက် ပညာများကို မေ့ပျောက်မသွားအောင် အမြဲတမ်းလေ့ကျင့်နေရန် လိုအပ်သကဲ့သို့ စာအုပ်စာပေများနှင့် အမြဲမပြတ် တစ်သက်လုံး ထိတွေ့ဖတ်ရှုနေရန်လည်း အထူးအရေးကြီးပါကြောင်း၊ ဒေသခံပြည်သူလူထုများထဲမှ လူကြီးလူငယ်မရွေး အခြေခံစာမတတ်ကြသေးသူများရှိပါက တတ်မြောက်အောင် ကြိုးပမ်းသင်ယူကြရန်နှင့် တတ်မြောက်ပြီးသူများအနေဖြင့်လည်း ဆက်လက်လေ့လာဆည်းပူးသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ယခုကဲ့သို့ မွန်မြတ်လှသည့် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် စေတနာသဒ္ဓါတရား အပြည့်အဝနှင့် လုပ်အားပေးပါဝင်ကူညီကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ၊ စာတတ်မြောက်ရေးအတွက် အစစအရာရာ ပံ့ပိုးပေးကြသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများအားလုံးကို နိုင်ငံတော်က လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ဒုတိယသမ္မတအား အခြေခံစာတတ်မြောက်ရေးအထိမ်းအမှတ်လက်ဆောင် ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတက ဟသ်ာတမြို့နယ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုအတွက် ဆိုလာမီးအိမ် အလုံး ၁၀၀ ကို ဟသ်ာတခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီးများက ကျောင်းသား ကျောင်းသူများ၊ လုပ်အားပေး ဆရာ ဆရာမများနှင့် စာတတ်မြောက်ရေးလှုပ်ရှားမှုအဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် စာသင်ဝိုင်းများတွင် လုပ်အားဒါနပြုကြသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးနှင့် ဒေသခံပြည်သူများကိုယ်စား စာသင်သားတစ်ဦးတို့က ကျေးဇူးတင်စကားပြောကြားကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဦးစီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးပြခန်း၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဆိုင်ရာ ပညာပေးပြခန်းများနှင့် စာဖတ်ဝိုင်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဟသ်ာတမြို့ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြပြီး သားဖွားဆောင်နှင့် ခွဲစိတ်ကုသဆောင်၊ အရိုးကုသဆောင်၊ ခွဲစိတ်ခန်းနှင့် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ရင်းရင်းနှီးနှီး လိုက်လံအားပေးစကားပြောကြားခဲ့သည်။ **(သတင်းစဉ်)**



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အခြေခံစာတတ်မြောက်ရေးနေ့ လှုပ်ရှားမှုအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)



**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှုဆိုင်ရာပညာပေးပြခန်းများနှင့် စာဖတ်ဝိုင်းများအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ပြည်တွင်းရေးရာ

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတက်ရောက်

**နေပြည်တော် မေ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌ ကျင်းပသည့် ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘော အုပ်စုပတ်လည်ပြိုင်ပွဲ ပထမဆုံးပွဲစဉ်ဖြစ်သည့် မြန်မာအသင်းနှင့် မော်လ်ဒိုက်အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ပထမအကြိမ် အာရှအသက်(၂၃)နှစ်အောက် အမျိုးသားဘော်လီဘော အုပ်စုပတ်လည်ပြိုင်ပွဲများမှ အုပ်စု(အေ)နှင့် အုပ်စု(ဘီ)တွင် ကျရောက်သည့် အသင်းများသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(ဘီ)၌လည်းကောင်း၊ အုပ်စု(စီ)နှင့် အုပ်စု(ဒီ)တွင် ကျရောက်သည့် အသင်းများသည် ဝဏ္ဏသိဒ္ဓိအားကစားရုံ(စီ)၌ လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်သည်။






အဆိုပါပြိုင်ပွဲကို မေ ၁၂ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ဩစတြေးလျ၊ တရုတ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ အီရန်၊ ဂျပန်၊ ကာဇက်စတန်၊ ကိုရီးယား၊ ဆော်ဒီအာရေဗျ၊ မော်လ်ဒိုက်၊ မြန်မာ၊ ဖိလစ်ပိုင်၊ ကာတာ၊ ထိုင်း၊ တိုင်ပေနှင့် ဗီယက်နမ်စသည့် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ဘော်လီဘောအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**(သတင်းစဉ်)**

❁ စာမျက်နှာ ၇ မှ

အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်၍ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်သင့်သည့်ဒေသများကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဘဏ္ဍာရေးနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ခိုင်ဝင်းက ယခုချေးငွေဖြင့် အကောင်အထည်ဖော်မည့်စီမံကိန်းများကို ကမ္ဘာ့ဘဏ်ဘုတ်အဖွဲ့က လက်ခံပြီးဖြစ်ပါကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျင့်ထုံးများ၊ ရသုံးမှန်းခြေငွေစာရင်းရေးဆွဲပုံနည်းလမ်းများ၊ အသုံးစရိတ်ပေးချေခြင်း၊ စာရင်းမှတ်တမ်းထိန်းသိမ်းခြင်း၊ စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်လေ့လာခြင်း စသည့် အဆုံးသတ်ကောင်းခြင်းလက္ခဏာများနှင့် ပြည့်စုံနေသည်ကို တွေ့ရှိရပါကြောင်း၊ ချေးငွေဖြင့်



ဦးနု။



ဒေါ်ခင်စန်းလှိုင်။

မြို့နယ်များ ရွေးချယ်ရာတွင်လည်း မည်သည့်မြို့နယ်တွင် မည်သည့်စံနှုန်းဖြင့် ရွေးချယ်အသုံးပြုမည်ကို ပွင့်လင်းမြင်သာစွာ လွှတ်တော်သို့ ပြန်လည်တင်ပြသင့်ပါကြောင်း၊ ချေးငွေပမာဏသည် ဒေါ်လာအားဖြင့် သန်းလေးရာဖြစ်သဖြင့် နှစ်စဉ်ဘတ်ဂျက်တင်သကဲ့သို့ လွှတ်တော်ကို အဆင့်ဆင့်တင်ပြ၍ လွှတ်တော်က ချေးငွေကိစ္စကို အတည်ပြုလက်ခံပေးသင့်ပါကြောင်း ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က ကမ္ဘာ့ဘဏ်မှ အမေရိကန်ဒေါ်လာသန်း ၄၀၀ ချေးယူခွင့်အား အတည်ပြုကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

**နေပြည်တော် မေ ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီ အထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံဇမ္ဗူသီရိဆောင် ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဇော်၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်



တော် နိုင်ငံတော်ကောင်စီအထွေထွေအတွင်းရေးမှူးနှင့်အတူ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယန်ဟို့လန်လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ပုဂံတန်ခိုးကြီးဘုရားများဖူးမြော်

**နေပြည်တော် မေ ၁၂**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံတော်ကောင်စီအထွေထွေအတွင်းရေးမှူး မစ္စတာ ယန်ကျင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ပုဂံ-ညောင်ဦးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ညောင်ဦးလေဆိပ်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။



ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ပုဂံ-ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီ၊ အာနန္ဒာဘုရား၊ သဗ္ဗညုဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဆီမီး၊ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်း၍ အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် နန်းမြင့်မျှော်စင်သို့ရောက်ရှိကြပြီး ပုဂံ၏နေဝင်ချိန်ဆည်းဆာအလှအား နန်းမြင့်မျှော်စင်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။**(ဝဲပုံ)**

**(သတင်းစဉ်)**

# မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပမည်

**ရန်ကုန် မေ ၁၂**

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) အကြိမ်(၂၀)မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို မေ ၁၇ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းအမှတ် (၄၅၉)ရှိ NOVOTEL YANGON MAX HOTEL ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန် အလုပ်အမှုဆောင်အဖွဲ့က ဖိတ်ကြားထားကြောင်းသိရသည်။

**(သတင်းစဉ်)**

ဥတုရာသီ တောကိုမှီ၏

# အက၊ အလှစုံညီ တိုင်းရင်းသားရိုးရာအက ပြိုင်ပွဲဆီ

သတင်း - ဖြိုးစန္ဒာမြင့်၊ ခင်ခင်သက်
ဓာတ်ပုံ - ကိုကိုနေနိုင်လင်းကြည်

နေပြည်တော် မေ ၁၂

**ယနေ့သည် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ အစည်ကားဆုံးနေ့တစ်နေ့ဟု ဆိုရမလားပင်။ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရွှေရတုခန်းမအတွင်း အားပေးသူပရိသတ်များ ပြည့်လျှံလျက်။ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာအကပြိုင်ပွဲကို ခြိမ့်ခြိမ့်သဲကျင်းပလျက်ရှိသည်။**




ရှမ်းပြည်နယ်ကိုယ်စားပြု အကအဖွဲ့ဝင်များက ရှမ်းရိုးရာအကဖြင့် ယှဉ်ပြိုင်နေစဉ်။

တိုင်းရင်းသားဘာသာစကားများဖြင့် သီဆိုထားသော တေးသီချင်းများ၊ တိုင်းရင်းသားတို့၏ ရိုးရာဝတ်စုံများ၊ သူတို့ဓလေ့စရိုက် အသုံးအဆောင်များကိုလည်း ဆင်ယင်ကာ ကိုယ်ပိုင်တူရိယာတို့ကို တီးမှုတ်ဖျော်ဖြေရင်း ရိုးရာအကကို ဆန်းသစ်တီထွင်ကပြ ယှဉ်ပြိုင်နေရာ ပြိုင်ပွဲလာကြည့်သူ ပရိသတ်များအားလုံး ငေးမောမှင်တက် နေကြရသည်။

ယနေ့ ရိုးရာအကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့ ၁၄ဖွဲ့က ယှဉ်ပြိုင်ခဲ့ရာ အားလုံးသော ပြိုင်ပွဲဝင်များသည် ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ၊ ကိုယ့်ယဉ်ကျေးမှုတို့ကို ပေါ်လွင်အောင် ဖော်ထုတ်ကပြနိုင်ခဲ့လေသည်။ ပြိုင်ပွဲဝင်အဖွဲ့အသီးသီး၏ ရိုးရာတေးသီချင်းတီးလုံးများနှင့် ပင်ကိုစရိုက် ရိုးသားမှုတို့ကို ထင်ဟပ်ပြသနိုင်သော ကဟန်ကကွက်များ၊ မိမိဒေသအကြောင်း ဖွဲ့နွဲ့သီဆိုထားသော တေးသွားများကြောင့် ပရိသတ်များရင်ထဲတွင် ကချင်ပြည်ကိုသွားလည်ရနိုး၊ ငွေတောင်သွားလည်ရင်လည်း ကောင်းပေမည်၊ တနင်္သာရီကတော့ ပိုလှလိမ့်မည် စသည်ဖြင့် မြန်မာပြည်အနှံ့ ခြေဆန့်ချင်သည့်စိတ်များ တဖွားဖွားပေါ်လာရသည်။

ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ၏ ဒုံးယိမ်းအက အလှများနှင့်အတူ ဖားစည်သံချိုချိုကို ကြားရသည်မှာ လိုက်ပါ ကခုန်ချင်စိတ်များပင် ဖြစ်မိတော့သည်။

ကချင်တိုင်းရင်းသားတို့ကလည်း ရိုးရာပလွေကို မာန်ပါပါတီးမှုတ်ကာ ယှဉ်ပြိုင်မှုကို ဖွင့်လှစ်လိုက်သည်။ ထို့နောက် ငွေမောင်းသံ တချွင်ချွင်ဖြင့် မြန်မာပြည်မြောက်ဖျားမှ အလှမယ်များ၏ မြူးကြွသည့်ကကွက်များကို ရှုမြင်ကြရသည်။ ယှဉ်ပြိုင်နေစဉ် ရိုးရာခေါင်းရည်နှင့် မုန့်ဖက်ထုပ်များဝေကာ ပြိုင်ပွဲလာကြည့်သူ လူကြီးများအား ဧည့်ခံခဲ့လေသည်။

ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင် ဇေလမ့်က "ပထမဆုံးအကြိမ် ပြိုင်ရတော့ စိတ်လှုပ်ရှားမိတယ်။ နိုင်ငံတော်အဆင့် ယှဉ်ပြိုင်ရတာဆိုတော့ ကိုယ့်ပြည်နယ်မှာ ပြိုင်သလိုတော့မဟုတ်ဘူးလေ။ ဒါကြောင့် စိတ်လှုပ်ရှားမိတာ။ အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်ခဲ့တာမို့ ဆုရမယ်လို့တော့ မျှော်လင့်ပါတယ်" ဟု ပြောသည်။

ထို့နောက် ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင် ဒူးမွန်းဂျာကလည်း "ကိုယ့်ရိုးရာအကကို အခုလို တိုင်းရင်းသားညီ အစ်ကိုမောင်နှမတွေရှေ့မှောက်မှာ တင်ဆက် ကပြခွင့်ရတဲ့အတွက် ကျေနပ်မိတယ်။ ဒ့ါပြင် တခြားတိုင်းရင်းသားတွေရဲ့ ဘာသာစကား၊ ဓလေ့၊ ရိုးရာဝတ်စုံတွေကို မြင်တွေ့ခွင့်ရလို့ ဝမ်းသာမိတယ်"ဟု ယှဉ်ပြိုင်ခွင့်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပုံကို ပြောပြခဲ့သည်။

ကယားပြည်နယ်ကိုယ်စားပြုယှဉ်ပြိုင်သည့်ကယန်းလူမျိုးတို့ကလည်းမိုးခေါ်ပွဲ အကနှင့် ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ကယားလူမျိုးတို့၏ ဒေသသည် တောတောင်များထူထပ်သဖြင့် ရွှေ့ပြောင်းတောင်ယာလုပ်ငန်းကို ဒေသခံတို့ အဓိကလုပ်ကိုင်ကြရာ တချို့သောနှစ်များတွင် မိုးခေါင်၍ သီးနှံများမဖြစ်ထွန်းသည့်အတွက် မိုးနတ်မင်းကို ပူဇော်ပသကြသည်။ ထိုသို့ ပူဇော်ရာမှ မိုးခေါ်တေးနှင့်အတူ မိုးခေါ်ပွဲအက ပေါ်ပေါက်လာခဲ့ရကြောင်းသိရသည်။ ပြိုင်ပွဲတွင် ဗုံ၊ ပလွေ စသည့် တူရိယာများကိုတီးခတ်၍ အမျိုးသမီးများက ပလိုင်းလွယ်ကာ ကခုန်ရာ အမျိုးသမီးဝတ်ဆင်ထားသော ငွေလက်ကောက်သံတချွင်ချွင်ညံနေလေသည်။ မြန်မာကသာမက ကမ္ဘာကပါ စိတ်ဝင်စားသော ကယန်းလူမျိုးတို့၏ ဝတ်စားဆင်ယင်မှု တစ်ခုဖြစ်သည့် လည်ပင်းတွင်ကြေးကွင်းများ စွပ်သည့်ဓလေ့ကိုလည်း ယခုပြိုင်ပွဲတွင် တွေ့မြင်ရလေသည်။

တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များကလည်း ရှင်တောင်းပုံဘုရားပူဇော်အကဖြင့် ပြိုင်ပွဲဝင်ရာ ပရိသတ်များ တစ်ခဲနက်အားပေးခဲ့ကြသည်။ ပျော့ပျောင်းညင်သာသော အက၊ ချိုမြ၍ နှစ်လိုဖွယ်ကောင်းသော မျက်နှာထားဖြင့် တနင်္သာရီသူလေးများသည်လည်း ပရိသတ်ကိုတစ်မျိုး ဆွဲဆောင်နိုင်ခဲ့လေသည်။

မန္တလေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များကလည်း ကျေးလက်ရိုးရာယိမ်းအကဖြင့် ပြိုင်ပွဲဝင်ခဲ့ရာ ပြိုင်ပွဲဝင်များ၏ ကျေးလက်ဟန်အပြည့်ဖြင့် ဖျော်ဖြေမှုသည် ဇာတိမြေကို တမ်းတစိတ်ဖြစ်ပေါ်စေသည်။ ကျေးလက်သူများ ပီပီ ရိုးသားမှု၊ သွက်လက်မှုအပြည့်ဖြင့် ကပြယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲဝင်တစ်ဦးဖြစ်သော မသွန်းသော်ဇင်ဆောင်းက "အကလေ့ကျင့်ခဲ့ရတဲ့ရက်ကတော့ နည်းပါတယ်။ ငါးရက်ပဲရတာ။ ဒါပေမယ့် ယုံကြည်မှုရှိရှိ ယှဉ်ပြိုင်ခဲ့တယ်။ ဆုလည်း လိုချင်ပါတယ်။ တခြားတိုင်းရင်းသားတွေရဲ့ အကတွေ၊ ရိုးရာဓလေ့တွေမြင်ရတော့ သဘောကျလွန်းလို့ သူတို့ဒေသတွေမှာတောင် သွားနေချင်စိတ်ဖြစ်မိတယ်" ဟု ပြိုင်ပွဲအပေါ် သူ၏ခံစားချက်ကို ပြောသည်။

အလားတူ ချင်းပြည်နယ်မှ တောင်သူဦးကြီးတို့၏ ဘဝတေးသရုပ်ဖော်အက၊ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့မှ ကရင်ဒုံးယိမ်းအက၊ မွန်တို့၏ ဟင်္သာတို့ပျော်ရာမြေအက၊ ရခိုင်ပြည်နယ်၏ ပျော်စရာစုံညီ ရခိုင်ပြည်က သုံးရာသီ၊ ရှမ်းတို့၏ ရှမ်းရိုးရာအက၊ စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုအဖွဲ့၏ ကျေးလက်အက၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်ရိုးရာ ဒုံးအက၊ မကွေးတိုင်းဒေသကြီးမှ ချင်းရိုးရာဝါးညှပ်အကနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက ဗုံကြီးသံအလှ ဒိုးကလေးအက (ကျေးလက်ယိမ်း)တို့ဖြင့် အသီးသီး ယှဉ်ပြိုင်ခဲ့ကြသည်။

တိုင်းရင်းသားရိုးရာအကအလှများဖြင့် (၂၀) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ပိတ်သိမ်းနိုင်ခဲ့ပြီး ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ မိမိတို့ရိုးရာအကများဖြင့် ကပြယှဉ်ပြိုင်ခွင့်ရသည့်အတွက် ကျေနပ်ပီတိအပြုံး၊ ပြိုင်ပွဲကြည့်ရှုသူ ပရိသတ်အပေါင်း၏ ကျေနပ်အားရသည့် အပြုံးတို့ဖြင့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ အပြုံးချင်းထပ်တူကျခဲ့လေသည်။




ဧရာဝတီတိုင်းဒေသကြီးမှ အကအဖွဲ့ဝင်များ ကရင်ဒုံးယိမ်းအကဖြင့် ယှဉ်ပြိုင်နေစဉ်။




ရခိုင်ပြည်နယ်မှ ပျော်စရာစုံညီ ရခိုင်ပြည်က သုံးရာသီအကဖြင့် ပါဝင်ယှဉ်ပြိုင်နေစဉ်။

# (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် မေ ၁၂**

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ နောက်ဆုံးနေ့ ပွဲစဉ်များကို မေ ၁၂ ရက် နံနက်ပိုင်းက နေပြည်တော်ရေဆင်းတက္ကသိုလ်များနယ်မြေတွင် ဆဋ္ဌမမြောက်နေ့ အဖြစ် ဆက်လက်ကျင်းပခဲ့သည်။

အဆို(အမျိုးဂုဏ်၊ ဇာတိဂုဏ်)ပြိုင်ပွဲကို စိုက်ပျိုးရေးတက္ကသိုလ် စုဝေးခန်းမ၌ကျင်းပရာ အဆင့်မြင့်ပညာ အဆင့် (အမျိုးသား)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမတွင် အက (တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ)ပြိုင်ပွဲများကို ကျင်းပရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကအဖွဲ့များက တိုင်းရင်းသားရိုးရာအကနှင့် ကျေးလက်ရိုးရာအကများဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ အနုပညာ မြတ်နိုးသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် အရေးပြိုင်ပွဲများကို စိုက်ပျိုးရေးသုတေသနဦးစီးဌာန သင်တန်းခန်းမ-၁ တွင် အဆင့်မြင့်ပညာ (အမျိုးသား၊ အမျိုးသမီး)ပြိုင်ပွဲကို ကျင်းပရာ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ လည်းကောင်း၊ အခြေခံပညာအသက် (၁၅-၂၀)အဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

၎င်းအပြင် သစ်တောသုတေသနစုဝေးခန်းမတွင် ဆိုင်းတစ်ဦးချင်းပြိုင်ပွဲများကို ကျင်းပခဲ့ရာ ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး)ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးနှင့် အခြေခံပညာ အသက်(၁၀-၁၅)အဆင့်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ကွက်စိပ်ပြိုင်ပွဲ ဝါသနာရှင်အဆင့်ပြိုင်ပွဲများကို စိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမတွင်ကျင်းပလျက်ရှိရာ ပြိုင်ပွဲဝင်များကဆဒ္ဒန်ဆင်မင်းဇာတ်ဖြင့်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

သစ်တောတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် အတီး(ဒုံမင်း)ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ ဝါသနာရှင်(ပထမတန်း)အမျိုးသမီးအဆင့်ပြိုင်ပွဲတွင် မန္တလာဘုံ(ဘွဲ့သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင် (ဒုတိယတန်း)(အမျိုးသား)အဆင့်ပြိုင်ပွဲတွင် မဲဇာတောင်ခြေ(ပတ်ပျိုး)ဖြင့်လည်းကောင်း၊ ဝါသနာရှင်(ဒုတိယတန်း)(အမျိုးသမီး) အဆင့်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း(ယိုးဒယား သီချင်း)ဖြင့်လည်းကောင်း အသီးသီးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ဆုရရှိခဲ့သူများကို ယနေ့ မေ ၁၃ ရက်တွင် ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း- ခင်ခင်သက်၊ ဖြိုးစန္ဒာမြင့်
ဓာတ်ပုံ - ကိုကိုနေ၊ နိုင်လင်းကြည်



တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု အကအဖွဲ့ဝင်များက ရှင်တောင်းပုံဘုရားပူဇော်ယိမ်းအကဖြင့် ယှဉ်ပြိုင်နေစဉ်။



ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်နေစဉ်။



ကရင်ပြည်နယ်ကိုယ်စားပြု အကအဖွဲ့ဝင်များ ပါဝင်ယှဉ်ပြိုင်နေစဉ်။



## (၂၁)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲအရေအတွက်နှင့် (ရွှေ၊ ငွေ၊ ကြေး)ဆုရရှိမှုများ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ပြိုင်ပွဲဝင်လူဦးရေ | ပြိုင်ပွဲဝင်အရေအတွက် | ရွှေ | ငွေ | ကြေး | အထူးဆု | နှစ်သိမ့် | ဂုဏ်ပြု | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၂၃၂ | ၂၇၆ | ၇၄ | ၂၇ | ၁၁ | - | ၁ | - | ၁၁၃ |
| ၂ | မန္တလေး | ၁၂၅ | ၁၅၈ | ၁၇ | ၁၆ | ၈ | - | ၁ | - | ၄၂ |
| ၃ | ဧရာဝတီ | ၉၂ | ၁၀၈ | ၁၀ | ၁၈ | ၁၁ | - | ၁ | - | ၄၀ |
| ၄ | ပဲခူး | ၁၀၅ | ၁၁၆ | ၉ | ၁၄ | ၁၀ | - | - | - | ၃၃ |
| ၅ | စစ်ကိုင်း | ၉၁ | ၉၈ | ၆ | ၈ | ၉ | - | - | - | ၂၃ |
| ၆ | ရှမ်း | ၆၃ | ၆၈ | ၆ | ၈ | ၅ | - | ၁ | - | ၂၀ |
| ၇ | မကွေး | ၇၄ | ၇၇ | ၆ | ၃ | ၆ | - | - | - | ၁၅ |
| ၈ | မွန် | ၆၈ | ၆၈ | ၄ | ၃ | ၂ | - | - | - | ၉ |
| ၉ | ကရင် | ၆၄ | ၆၇ | ၂ | ၃ | ၅ | - | - | - | ၁၀ |
| ၁၀ | ရခိုင် | ၆၀ | ၆၆ | ၂ | ၂ | ၅ | - | - | - | ၉ |
| ၁၁ | တနင်္သာရီ | ၆၆ | ၆၉ | ၂ | ၂ | ၂ | - | - | - | ၆ |
| ၁၂ | ကယား | ၅၀ | ၅၃ | ၁ | ၂ | ၂ | - | ၁ | - | ၆ |
| ၁၃ | ကချင် | ၅၇ | ၆၁ | ၁ | - | ၁ | - | ၁ | - | ၃ |
| ၁၄ | ချင်း | ၄၉ | ၄၉ | - | - | ၁ | - | ၁ | - | ၂ |
| | **စုစုပေါင်း** | **၁၁၉၆** | **၁၃၃၄** | **၁၄၀** | **၁၀၆** | **၇၈** | **-** | **၇** | **-** | **၃၃၁** |


### အိတ်ဖွင့်တင်ဒါ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်(ရန်ကုန်)ရှိ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို (၁၅-၅-၂၀၁၅)ရက်မှ (၂၁-၅-၂၀၁၅) ရက်နေ့အထိ နေ့စဉ် (၀၉း၃၀)နာရီမှ (၁၆း၀၀) နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၂-၅-၂၀၁၅)ရက်နေ့ (၁၃း၀၀)နာရီမှ (၁၅း၀၀) နာရီအတွင်း ကြေးမုံသတင်းစာတိုက် အမှတ်-၇၇/၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်ချိန်ထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အခြေအနေအား ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကြေးမုံသတင်းစာတိုက်(ရန်ကုန်)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၁၀၆၈၅၊ ၀၁-၂၉၂၈၃၀၊ ၀၁-၂၉၁၄၅၄ တို့ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ကြေးမုံသတင်းစာတိုက်**
**အမှတ်-၇၇၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်**
**ရန်ကုန်တိုင်းဒေသကြီး**

ပြည်တွင်းရေးရာ

# အဆောက်အအုံ ပြုပြင်မွမ်းမံတိုးချဲ့တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုများ မြှင့်တင်လျက်ရှိသည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး

ရန်ကုန်မြို့နှင့် မြန်မာပြည်တစ်ဝန်းရှိ ပြည်သူများအားထားရာ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သည့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီကို ၂၀၁၄ ခုနှစ် မေလအတွင်း ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီကို အထောက်အကူပြုစေရန် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းခဲ့ပြီး ဆေးရုံကြီး၏ အဆောက်အအုံများနှင့် ဝန်ဆောင်မှုများ တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက် အရှိန်မြှင့်ဆောင်ရွက်လျက်ရှိရာ အဆိုပါ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာပပနှင့် မြန်မာ့သတင်းစဉ် (သတင်းအဖွဲ့)မှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပြုပြင်မွမ်းမံနေသည်ကို တွေ့ရစဉ်။

မေး/ရေး - မိုးသူဇာစိုး
ဓာတ်ပုံ - ရဲထွဋ်၊ နေလင်း



ရန်ကုန် ပြည်သူ့ဆေးရုံကြီး ဆေးရုံအုပ် ဒေါက်တာ ပပ။

**မေး။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတိုးချဲ့ ပြုပြင်မွမ်းမံနေတာနဲ့ ပတ်သက်ပြီး လက်ရှိဆောင်ရွက်ပြီးစီးတဲ့အခြေအနေကို သိပါရစေရှင့်။**

ဖြေ။ နှစ်ပေါင်း၁၀၀ ကျော် သက်တမ်းရှိနေပြီး အဆင့်မြှင့်တင်ဖို့နဲ့ တိုးချဲ့ဆောင်ရွက်ဖို့ လိုအပ်နေတဲ့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးကို ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ရန်ကုန် ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေးကော်မတီကို ၂၀၁၄ မေလ အတွင်းက စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ နောက်ထပ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်တဲ့ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီခွဲ တွေနဲ့ ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံ ပြင်ဆင်ရေးလုပ်ငန်း တွေကို အချိန်တို အတွင်း ပြီးစီးအောင်မြင်အောင် ကြိုးကြပ် ဆောင်ရွက်ခဲ့ပါတယ်။

နောက်ပြီး ကင်ဆာရောဂါဆိုင်ရာ ကုသရေးနှင့် ရောဂါရှာဖွေရေး လုပ်ငန်းသုံးစက်ကြီးတွေ တပ်ဆင်မယ့် အဏုမြူရောင်ခြည်ဌာန အဆောက်အအုံသစ်တစ်ခုကို တည်ဆောက်ပြီးစီးလု ဖြစ်နေပါပြီ။ ဆေးဂိုဒေါင်နဲ့ အောက်ဆီဂျင်ဆလင်ဒါ အလုံးရေ ၂၀ ဖြည့်တင်းနိုင်မယ့် Plan အသစ်တစ်ခုကိုလည်း တည်ဆောက်ထားပြီး ဖြစ်ပါတယ်။

**မေး။ အရေးပေါ်ဌာနနဲ့ ပတ်သက်ပြီး တိုးချဲ့ပြုပြင် တည်ဆောက်မှုနဲ့ ဝန်ဆောင်မှုပိုင်း မြှင့်တင်ဆောင်ရွက်နေတာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါရှင့်။**

ဖြေ။ အရေးပေါ်ဌာနမှာ တစ်ရက်ကို လူနာပေါင်း ၃၀၀ လောက်လာပြပါတယ်။ ဒီအထဲကမှ ဆေးရုံတက် ရောက်ဆေးကုသမှုခံယူရတဲ့ လူနာက ၂၅၀ ဝန်းကျင်လောက် ရှိပါတယ်။ အရေးပေါ်ဌာနကို ဝင်လာတာနဲ့ တစ်ပြိုင်နက် လူနာတွေကို သက်ဆိုင်ရာ ဆရာဝန်တွေဆီ တိုက်ရိုက် သွားရောက်ပြသနိုင်အောင် သက်ဆိုင်ရာရောဂါအလိုက် လူနာစောင့်ကြပ်ကြည့်ရှုခန်းတွေ စီစဉ်ထားပါတယ်။

လူနာတွေကို ကျန်းမာရေးဝန်ဆောင်မှုပေးတဲ့ အပိုင်းမှာလည်း အရင်က ဆေးရုံမှတ်တမ်းစာအုပ်ဝယ်ရ တာတွေရှိခဲ့တယ်။ ၂၀၁၄ ဩဂုတ် ၁ ရက်ကစပြီး ဆေးရုံမှတ်တမ်းစာအုပ်ကို အခမဲ့ပေးပါတယ်။ ဒါနဲ့အတူ လူနာအတွက် လိုအပ်တဲ့ သွေးထောက်ပံ့ပေးပါတယ်။ အရင်က သွေးလှူရှင်တွေရဲ့ သွေးကို အခမဲ့ရပေမယ့် သွေးထည့်တဲ့ အိတ်နဲ့ သွေးသွင်းပိုက်တွေ ပေးရတာရှိပါတယ်။ **အခုကတော့ သွေးအိတ်နဲ့ သွေးပိုက်ဖိုးတွေ ပေးစရာမလိုဘဲ အခမဲ့ရရှိအောင် ဆောင်ရွက်ထားပါတယ်။ သွေးအခမဲ့ရရှိဖို့က အရေးပေါ်လူနာတွေသာမက ဆေးရုံမှာ တက်ရောက်ကုသတဲ့ လူနာတိုင်းအတွက် စီစဉ် ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။**

**နောက်တစ်ခုက အရေးပေါ်လူနာတစ်ယောက် အတွက်လိုအပ်တဲ့ အခြေခံဆေးဝါးတွေ ထောက်ပံ့ပေးပါတယ်။ ဆေးဝါးကုသဖို့လိုသူအတွက် အခြေခံဆေးဝါးတွေနဲ့ ခွဲစိတ်ကုသရမယ့် လူနာအတွက် ခွဲစိတ်ခန်းသုံးပစ္စည်းတွေ အခမဲ့ရရှိအောင် ဆောင်ရွက်ပေးတာ ဖြစ်ပါတယ်။**

**လူနာတွေ ရောဂါရှာဖွေရာမှာ လိုအပ်တဲ့ ဓာတ်မှန်၊ Ultra Sound ၊ Digital X Ray နဲ့ CT Scan ရိုက်တာတွေကို ၂၀၁၄ စက်တင်ဘာ ၁ ရက်ကစပြီး အရေးပေါ် လူနာအားလုံးအတွက် အခမဲ့ဆောင်ရွက်ပေးနေပါတယ်။**

**အရေးပေါ်လူနာတိုင်းအတွက် အရေးကြီးတဲ့ ဓာတ်ခွဲစမ်းသပ်မှုမှာလည်း အခြေခံ ဓာတ်ခွဲစမ်းသပ်မှု ခုနစ်မျိုးကို အခမဲ့ဆောင်ရွက်နေပါတယ်။**

**နောက်တစ်ခုက အောက်ဆီဂျင်ပါ။ ဆေးရုံတက်ရောက် ကုသလူနာတွေအတွက် အောက်ဆီဂျင်လိုအပ်ချက်တွေ ရှိပါတယ်။ အောက်ဆီဂျင်လိုအပ်ချက်ကို တွက်ချက်ပြီး အရေးပေါ်လူနာတွေနဲ့ ဆေးရုံမှာ တက်ရောက်ကုသနေတဲ့ အတွင်းလူနာတွေအတွက် အခမဲ့ရရှိအောင် ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါတယ်။**

**မေး။ ရောဂါရှာဖွေရေးအတွက် ဓာတ်ခွဲစစ်ဆေးမှုတွေမှာ အခမဲ့ဆောင်ရွက်ပေးတဲ့ အစီအစဉ်တွေ တိုးချဲ့ထားတယ်ဆိုတာ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း ရှင်းပြပေးပါရှင့်။**

ဖြေ။ ဒါနဲ့ပတ်သက်ပြီး အရေးပေါ်လူနာတွေအတွက် ဓာတ်ခွဲစမ်းသပ်မှု ခုနစ်မျိုး အခမဲ့စီစဉ်ပေးပြီးတဲ့နောက်မှာ ဒီနှစ် မတ် ၁ ရက်ကစပြီး အတွင်းလူနာတွေအတွက် နောက်ထပ်ရှစ်မျိုးပေါင်းပြီး ၁၅ မျိုးအထိ အခမဲ့ဓာတ်ခွဲစမ်းသပ်မှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ အခု မေ ၄ ရက်ကစပြီး အတွင်းလူနာတွေအတွက် ဓာတ်ခွဲစမ်းသပ်မှု ၄၈ မျိုးကို အခမဲ့စစ်ဆေးနိုင်အောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ရောထွေးမသွားစေချင်တာက ပြင်ပလူနာတွေနဲ့ ဆေးရုံမှာ ဆေးကုသမှုခံယူနေတဲ့အတွင်းလူနာတွေ မရောသွားစေဖို့ပါ။ **အရေးပေါ်လူနာတွေအနေနဲ့ကလည်း အရေးပေါ်ကုသတာဖြစ်တဲ့အတွက် ဒီလောက်အများကြီး ဓာတ်ခွဲစစ်ဆေးမှုတွေ မလိုတာကြောင့်ပါ။ အရေးပေါ်မှာတော့ ဓာတ်ခွဲမှုခုနစ်မျိုးကို အခမဲ့ဆောင်ရွက်ပေးပါတယ်။ ကျန်တဲ့ အတွင်းလူနာတွေအတွက်ကတော့ ပထမ ၁၅ မျိုး၊ အခု နောက်ထပ် ၃၃ မျိုးပေါင်းပြီး ၄၈ မျိုးအထိ အခမဲ့ဆောင်ရွက်ပေးနိုင်ပြီ ဖြစ်ပါတယ်။**

**မေး။ တိုးချဲ့ငါးထပ်ဆောင်မှာ စတင်ဆောက်ရွက်နေတဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွေနဲ့ ပတ်သက်ပြီး ပြောပြပေးပါရှင့်။**

ဖြေ။ တိုးချဲ့ငါးထပ်ဆောင်ကြီးက ရန်ကုန်ပြည်သူ့ဆေးရုံကြီး တိုးချဲ့ပြုပြင်မွမ်းမံပြင်ဆင်ရေး ကော်မတီရဲ့ လမ်းညွှန်မှုနဲ့ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများက အနီးကပ်ကြီးကြပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကျန်းမာရေးဝန်ကြီးဌာနကို နိုင်ငံတော်က တိုးမြှင့်ချထားပေးတဲ့ ရန်ပုံငွေတွေနဲ့ ဆောက်လုပ်တာဖြစ်ပါတယ်။

ဒီငါးထပ်ဆောင်သစ်က အဆောက်အအုံပိုင်းဆိုင်ရာ ဆောက်လုပ်ပြီးစီးပြီဖြစ်တဲ့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ စတင်ဆောင်ရွက်နေပါပြီ။

ဒီနေရာမှာ အပိုင်းကဏ္ဍနှစ်ခုကို ကွဲကွဲပြားပြားသိစေချင်ပါတယ်။ အဲဒါက အရေးပေါ်လူနာဌာနနဲ့ ပြင်ပလူနာဌာနပါ။ အရင်တုန်းကတော့ အရေးပေါ်ဆေးကုသမှုဌာနနဲ့ ပြင်ပလူနာဌာနက လမ်းမတော်လမ်းဘက်က ဝင်ပေါက်တစ်ခုတည်းကပဲ ဝင်ရောက်ပြသရတာ ဖြစ်ပါတယ်။ အခုဆိုရင် ပြင်ပလူနာဌာနကို အသစ်ဆောက်လုပ်ပြီးစီးပြီဖြစ်တဲ့ ငါးထပ်ဆောင်အောက်ထပ် မြေညီထပ်မှာ ကျယ်ကျယ်ဝန်းဝန်းနဲ့ သက်ဆိုင်ရာ အထူးကုဆရာဝန်တွေနဲ့ ရက်အလိုက်၊ အချိန်အလိုက် ပြသနိုင်ပြီ ဖြစ်ပါတယ်။ အခန်းတွေလည်း သပ်သပ်ရပ်ရပ်နဲ့ ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

အခုဆိုရင် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်မှအပ တနင်္လာနေ့ သောကြာနေ့အထိ ပိတ်ရက်မရှိ ဖွင့်လှစ်ပြီး လူနာတွေကို အထူးကုဆရာဝန်ကြီးတွေက အချိန်ဇယားအလိုက် ကြည့်ရှုစောင့်ရှောက်ပေးနေပြီ ဖြစ်ပါတယ်။

**နိုင်ငံတော်က ဦးဆောင်ပြီး ပြည်သူလူထုရဲ့ ကျန်းမာရေးအတွက် စိုက်ထုတ်သုံးစွဲရတဲ့ အသုံးစရိတ်တွေ လျှော့နည်းကျဆင်းရေးအတွက် ဆောင်ရွက်တဲ့အခါမှာ လူနာတွေအနေနဲ့ ပိုမိုတိုးမြှင့်ရောက်ရှိလာပါတယ်။** ရန်ကုန်ဆေးရုံကြီးက ခုတင် ၁၅၀၀ ဆံ့ သင်ကြားရေးဆေးရုံကြီး ဖြစ်ပါတယ်။ မေလ ပထမပတ်ထဲမှာဆိုရင် လူနာ ၁၆၀၀ ကျော်သွားပါတယ်။

လူနာတွေအတွက် ဓာတ်မှန်ဌာနလိုအပ်ချက်ကိုဖြည့်ဆည်းဖို့ တိုးချဲ့ငါးထပ်ဆောင်ရဲ့ မြေညီထပ်မှာ ဓာတ်မှန်ဌာနအသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ စီစဉ်နေပါတယ်။

ဒီတိုးချဲ့ဆောင်ရဲ့ ပထမထပ်ကနေ တတိယထပ်အထိက ခွဲစိတ်ကုသဆောင်အဖြစ် စီစဉ်ထားပါတယ်။ တစ်ထပ်မှာ လူနာ ၈၀ နဲ့ အထပ်သုံးထပ်မှာ လူနာ ၂၄၀ ထားရှိကုသပေးသွားဖို့ စီစဉ်ထားပါတယ်။ အဲဒီမှာ ဆေးကျောင်းသား ကျောင်းသူတွေအတွက် စာသင်ခန်း၊ လူနာစမ်းသပ်ကြည့်ရှုခန်းနဲ့ လူနာတက်ရောက်ဆေးကုသနိုင်တဲ့ အခန်းတွေ ပါဝင်ပါတယ်။

**တိုးချဲ့ ငါးထပ်ဆောင်ရဲ့ အပေါ်ဆုံးအထပ်ကတော့ Modular Operating Theratre ခေတ်မီခွဲစိတ်ခန်း ၁၀ ခန်းထည့်သွင်းဆောက်လုပ်နေပါတယ်။ အဆောက်အအုံတစ်ခုလုံးအနေနဲ့ ပြီးစီးသွားပေမယ့် ခေတ်မီခွဲစိတ်ခန်းတွေက တပ်ဆင်နေဆဲဖြစ်ပြီး မေလကုန်လောက် ပြီးစီးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။**

**မေး။ ဆေးရုံ ပင်မအဆောက်အအုံဟောင်း ပြုပြင်မွမ်းမံနေမှုနဲ့ ပတ်သက်ပြီးလည်းသိပါရစေရှင့်။**

ဖြေ။ နှစ်ပေါင်း ၁၀၀ ကျော်သက်တမ်းရှိပြီဖြစ်တဲ့ မူလပင်မဆောင်ကြီးကို ပြုပြင်မွမ်းမံမှုတွေ လုပ်နေပါတယ်။ **ရှေးဟောင်းအမွေအနှစ်တစ်ခုလည်း ဖြစ်တဲ့အတွက် ရှေးမူမပျက်ဖြစ်ဖို့နဲ့ ရေရှည်ဆက်လက်အသုံးပြုနိုင်အောင် ပြုပြင်မွမ်းမံရာမှာ Yangon Heritage Trust ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးအဖွဲ့တစ်ဖွဲ့နဲ့ အရည်အသွေးထိန်းသိမ်းရေးအဖွဲ့တွေ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။** ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်မှာ ၆၀ ရာခိုင်နှုန်း ပြီးစီးခဲ့ပြီး ဒီနှစ်ဘတ်ဂျက်နဲ့ နိုဝင်ဘာမှာ ရာနှုန်းပြည့်ပြီးစီးအောင် လျာထားဆောင်ရွက်နေပါတယ်။

**မေး။ ကင်ဆာရောဂါ အထူးကုဌာနအတွက် ရောဂါရှာဖွေမှုနဲ့ ဆေးကုသမှု ပိုမိုဆောင်ရွက်နိုင်မယ့် စက်ပစ္စည်းသစ်တွေ ဝယ်ယူတပ်ဆင်ထားရှိတာနဲ့ ပတ်သက်ပြီးလည်း သိပါရစေရှင့်။**

ဖြေ။ ကင်ဆာအထူးကုဌာနအနေနဲ့ နှစ်ပိုင်းရှိပါတယ်။ ဓာတ်ရောင်ခြည်ကုသဌာနနဲ့ ဆေးသွင်းကုသတဲ့ဌာနဖြစ်ပါတယ်။ စက်သစ်ကြီးကတော့ Linear Accelerator လို့ခေါ်တဲ့ ဓာတ်ရောင်ခြည်နဲ့ ဆေးကုသတဲ့ စက်ကြီးပါ။ ဒီစက်ကြီးကို ၂၀၁၄ ဖေဖော်ဝါရီလမှာ စတင်တပ်ဆင်ခဲ့ပြီး နောက်ထပ်တစ်လုံးက ဒီနှစ် နှစ်ဆန်းပိုင်းမှာ တပ်ဆင်အသုံးပြုခဲ့တာ ဖြစ်ပါတယ်။ အဏုမြူရောင်ခြည်ဆေးကုဌာနက တာဝန်ယူပြီး ရောဂါရှာဖွေကုသပေးမယ့် Cyclotron Pet /CT အဆောက်အအုံဖြစ်ပါတယ်။ ဒီ Cyclotron Pet /CT က ရောဂါရှာဖွေတာနဲ့ အချို့ရောဂါတွေကို ကုသပေးတာတွေလည်း ပါဝင်ပါတယ်။ ဒါက အစိုးရဆေးရုံတွေမှာ ပထမဆုံးထားရှိမယ့် စက်ကြီးဖြစ်ပြီး ဒီစက်ကြီးကို တပ်ဆင်အသုံးပြုနိုင်ပြီဆိုရင် ကင်ဆာရောဂါတွေကို စောစောစီးစီး ရှာဖွေကုသပေးနိုင်မှာ ဖြစ်ပါတယ်။ အဆောက်အအုံပိုင်းက ပြီးနေပါပြီ။ အဏုမြူရောင်ခြည်နဲ့ ကုသမယ့် အဏုမြူရောင်ခြည် Source Cyclotron ကို တပ်ဆင်တဲ့လုပ်ငန်းက ဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ဒီနှစ် ဇွန်လကုန်လောက်မှာ စတင်ဆောင်ရွက်နိုင်လိမ့်မယ်လို့ မှန်းထားပါတယ်။

**မေး။ ကင်ဆာဝေဒနာသည်တွေအတွက် ဆေးသွင်းတာနဲ့ ဓာတ်ရောင်ခြည် ကုသပေးနေတာမှာ အချိန်စောင့်ဆိုင်းရတာလေးတွေရှိတယ်လို့ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ကင်ဆာရောဂါ ဝေဒနာသည်တွေကို ဆေးသွင်းကုသတာနဲ့ ဓာတ်ရောင်ခြည်သုံးကုသတာမှာ Linear Accelerator ခေါ်တဲ့ စက်ကြီးတွေ အသုံးပြုမှုမှာ ဆေးရုံကြီးက အခမဲ့ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။ ဒီစက်တွေက ပုဂ္ဂလိက ဆေးရုံဆိုရင်လည်း ရန်ကုန်မြို့ပေါ်မှာ တစ်ရုံတည်းမှာပဲ ရှိတယ်လို့ သိရတယ်။ ဒီစက်ကြီးနဲ့အပြင်မှာ သွားရောက်ကုသရင် တစ်ကြိမ်ကုသမှုအတွက် တစ်သိန်းကျော်ကျတယ်လို့ သိရပါတယ်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာတော့ လာရောက်ကုသတဲ့လူနာတွေအားလုံးကို အခမဲ့ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ လူနာတစ်ဦးက တစ်ကြိမ်တည်း ကုသရတာမဟုတ်ဘဲ တချို့ဆိုရင်အကြိမ် ၂၀ ကျော်အထိ ကုသမှုခံယူရတာဖြစ်ပါတယ်။ တချို့က ရက်ဆက်ကုသရပြီး တချို့က ရက်ခြားကုသရတာတွေ ရှိပါတယ်။ ဒါတွေကို နိုင်ငံတော်က အခမဲ့ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လူနာဦးရေများပြီး အရင်ကတော့ Cobalt စက်ကြီး နှစ်လုံးရှိပါတယ်။ အခု စက်သစ်နှစ်လုံးနဲ့ တပ်ဆင်ပြီး တိုးမြှင့်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် လူနာတွေ စောင့်ဆိုင်းရတဲ့အချိန်ပိုပြီး တိုတောင်းသွားပါတယ်။ အခု စက်သစ်ကြီးနဲ့ စတင်ကုသနေတဲ့ အချိန်မှာကို ဓာတ်ရောင်ခြည်နဲ့ကုသတဲ့ လူနာအရေအတွက်က တစ်နေ့ကို ၂၀၀ ကနေ ၂၅၀ လောက်အထိရှိပါတယ်။ ဆေးသွင်းကုသရတာက ၁၅၀ နဲ့ ၂၀၀ ကြားလောက် နေ့စဉ် ရှိနေပါတယ်။ အရင်က ရင်သားကင်ဆာတွေဆိုရင် ခုနစ်လ ရှစ်လလောက် စောင့်ရတာမျိုးရှိခဲ့ပြီး အခုဆိုရင် ခြောက်လလောက်အထိ ဖြစ်လာပြီ ခြောက်လအောက်ကိုရောက်အောင် ကြိုးစားဆောင်ရွက်နေကြပါတယ်။ ။

## ပြည်တွင်းရေးရာ

### ❖ ကိုးကန့်သောင်းကျန်းသူများမှ



ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာအခြေပြု ခံစစ်ဆင်ထားသော တောင်ကုန်းများအား တိုက်ခိုက်သိမ်းပိုက်နိုင်ရန်အတွက် တပ်မတော်စစ်ကြောင်းများသည် ဧပြီလကုန်တွင် အင်အားများစုဖွဲ့ခဲ့ပြီး မေလ ပထမပတ်မှစတင်၍ တိုက်ခိုက်ချေမှုန်းခဲ့သည်။ ကိုးကန့်သောင်းကျန်းသူများ၏ ခုခံတိုက်ခိုက်မှုများကို တပ်မတော် စစ်ကြောင်းများက ပစ်ကျင်းတူး၍ အဆင့်ဆင့်ချဉ်းကပ်ပြီး လေကြောင်းပစ်ကူ၊ လက်နက်ကြီးပစ်ကူများ ရယူကာ ရဲဝံ့စွန့်စားစွာဖြင့် လုံ့စွပ်ထိုးတိုက်ခိုက်၍ အနီးကပ် ထိုးဖောက်ချေမှုန်းခဲ့သည်။

ထိုသို့ ရဲဝံ့စွန့်စားစွာ တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် မာလုရွှေကျေးရွာ အရှေ့ဘက်ရှိ ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာခြေကုပ်ယူထားသော ပွိုင့်-၁၆၀၇ တောင်ကုန်းအား မေ ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် လည်းကောင်း၊ ပွိုင့်-၁၇၀၉ တောင်ကုန်းအား ည ၇ နာရီတွင်လည်းကောင်း သိမ်းပိုက်ရရှိခဲ့သည်။ ဆက်လက်၍ သောင်းကျန်းသူများ အခိုင်အမာအခြေပြုထားသော ပွိုင့်-၁၇၄၂ တောင်ကုန်းသို့ အောင်မြေချဲ့ထွင် တိုက်ခိုက်ခဲ့ရာ ယနေ့ မွန်းလွဲ ၂ နာရီတွင် အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့သည်။

ထို့ပြင် ဆုတ်ခွာထွက်ပြေးသွားသော ကိုးကန့်သောင်းကျန်းသူများအား တပ်မတော်စစ်ကြောင်းများက ထက်ကြပ်မကွာ လိုက်လံချေမှုန်းတိုက်ခိုက်လျက်ရှိသည်။

ဖြစ်စဉ်တွင် ကိုးကန့်သောင်းကျန်းသူများထံမှ အလောင်း ခုနစ်လောင်း၊ အာရ်ပီဂျီသုံးလက်၊ စက်လတ်နှစ်လက်၊ အမ်(၂၂)သေနတ် ခြောက်လက်၊ ကေ(၁၂)သေနတ် တစ်လက် စုစုပေါင်း လက်နက်မျိုးစုံ ၁၂ လက်၊ ကျည်အိမ်မျိုးစုံ ၃၅ ခု၊ ကျည်မျိုးစုံ ၅၁၅၅ တောင့်၊ ဗုံးသီးမျိုးစုံအလုံး ၃၀၊ မိုင်းမျိုးစုံ ၁၅ လုံး၊ လက်ပစ်ဗုံး ၆၇ လုံး၊ စက်လတ်ကျည်ခါးပတ်တွဲ သုံးတွဲ၊ အာရ်ပီဂျီပို့ကျည်ကိုးတောင့်၊ ယမ်းထုပ်ငါးထုပ်နှင့် ဆက်စပ်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ ဘန်ကာများ၊ ပစ်ကျင်းများ၊ သောင်းကျန်းသူအင်အား ၁၀၀ ခန့် ခိုအောင်းနေထိုင်နိုင်သော မြေအောက်လိုဏ်ခေါင်းများ သိမ်းဆည်းရမိခဲ့သည်။ တပ်မတော်မှ စစ်သည်အချို့ နိုင်ငံတော်အတွက် အသက်ပေးလှူခဲ့ပြီး အရာရှိ၊ စစ်သည်အချို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းကြောင့် ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံများသို့ အမြန်ဆုံးပို့ဆောင်၍ ဆေးဝါးများ ကုသပေးလျက်ရှိသည်။

လောက်ကိုင်ဒေသ အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်စစ်ကြောင်းများက အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစိတ်ဓာတ်ဖြင့် ဆုတ်ခွာသွားသော ကိုးကန့်သောင်းကျန်းသူများအား ရဲရဲတက်တိုက်ခိုက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

## လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်း

**ပဲခူး မေ ၁၂**

ပြည်ထောင်စုရှေ့နေချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီး/ပြည်နယ်ဥပဒေအရာရှိများနှင့် ခရိုင်ဥပဒေအရာရှိများ၊ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပွဲ လမ်းညွှန်မှာကြားချက်များအား ပဲခူးတိုင်းဒေသကြီးအတွင်းရှိဥပဒေအရာရှိများအားလုံးသို့ ထပ်ဆင့်ရှင်းလင်းပွဲကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးအစည်းအဝေးခန်းမ၌ မေ ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ် ဦးမြင့်အောင်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်တို့က အကျယ်တဝင့် ထပ်ဆင့်ရှင်းလင်းသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်က ပြည်ထောင်စုရှေ့နေချုပ်ဆု ပထမအဆင့်ရရှိသူ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးဇော်လင်းမောင်နှင့် ဒုတိယအဆင့်ရရှိသူ သာယာဝတီခရိုင်ဥပဒေအရာရှိ ဦးဌေးအောင်တို့အား ဂုဏ်ပြုဆုပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဥပဒေအရာရှိက တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေဆန်းစစ်ချက်စာမေးပွဲတွင် ဆုရရှိသည့် ဝန်ထမ်းများအား ဆုအသီးသီး ချီးမြှင့်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံး(၃၂)ရုံးအား ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းတစ်စုံစီ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

## ပြည်သူ့အကျိုးပြု ရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်

**ရန်ကုန် မေ ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ရေရှားပါးသည့် ဒေသများတွင် ပြည်သူ့အကျိုးပြုရေပေးဝေရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၁ ရက်တွင် တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခု၊ မြို့နယ် ၁၈ ခုရှိ ရပ်ကွက်၊ ကျေးရွာများသို့ ရေဂါလန် ၄၉၂၀၀ ကို ပေးဝေလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သိန်းထွန်းအောင်)**

### ✻ စင်ကာပူဆီးဂိမ်းမှ

ရိုးရာလှေအဖွဲ့တွင် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး ကနူးကယက်လှေအဖွဲ့တွင် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ခုနစ်ဦး အပြည်ပြည်ဆိုင်ရာလှေအဖွဲ့တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၅ ဦးတို့ ပါဝင်ပြီး ပြိုင်ပွဲအားလုံး၌ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ရိုးရာလှေပြိုင်ပွဲတွင် ပြိုင်ပွဲရှစ်မျိုး၊ ကနူးကယက်၌ ပြိုင်ပွဲ ၁၇ မျိုး၊ အပြည်ပြည်ဆိုင်ရာလှေ၌ ပြိုင်ပွဲ ၁၈ မျိုး ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့မှာ ပြိုင်ပွဲ ၄၃ မျိုးစလုံး၌ ယှဉ်ပြိုင်မည်ဖြစ်သည်။

မြန်မာလှေလှော်အဖွဲ့ပြိုင်ပွဲဝင်မည့် အားကစားနည်းသုံးမျိုးအနက် ရိုးရာလှေပြိုင်ပွဲမှာ အားအသာဆုံးနှင့် ရွှေတံဆိပ်အများဆုံးရယူနိုင်သည့် အားကစားနည်းဖြစ်ပြီး ကျန်နှစ်ခုအတွက် ပြင်ဆင်မှုများစွာပြုလုပ်ထားသည်။ မြန်မာ ကနူးကယက်လှေအဖွဲ့မှာ ၂၀၁၄ ခုနှစ် အောက်တိုဘာလက စင်ကာပူနိုင်ငံ၌ ကျင်းပခဲ့သော အရှေ့တောင်အာရှ ကနူးကယက်လှေလှော်ပြိုင်ပွဲတွင် ရွှေရှစ်ခု၊ ငွေငါးခု၊ ကြေးလေးခု ဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံအလိုက် ဒုတိယနေရာရရှိခဲ့သလို မတ်လမှဧပြီလအထိ တရုတ်နိုင်ငံတွင် သွားရောက်လေ့ကျင့်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာလှေအဖွဲ့မှာလည်း ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ တရုတ်နိုင်ငံတွင် သွားရောက်လေ့ကျင့်ခဲ့ပြီး မတ်လအတွင်းက စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် Asian Cup အပြည်ပြည်ဆိုင်ရာ လှေပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ရာ ရွှေနှစ်ခု၊ ငွေသုံးခု၊ ကြေးတစ်ခုဆွတ်ခူးရရှိခဲ့သည်။ ရိုးရာလှေအဖွဲ့မှာမူ ပြည်တွင်း၌သာ လေ့ကျင့်လျက်ရှိပြီး နည်းပြချုပ်အဖြစ် ဦးဝင်းဖေက တာဝန်ယူလေ့ကျင့်ပေးလျက်ရှိသည်။

ဆီးဂိမ်းလှေလှော်ပြိုင်ပွဲတွင် အားကစားနည်းသုံးခု၌ ရွှေတံဆိပ် ၄၃ ခု ချီးမြှင့်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့မှာ ရွှေ ၁၇ ခု မျှော်မှန်းထားကြောင်း သိရသည်။ မြန်မာလှေအဖွဲ့မှာ(၂၈)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် တစ်နှစ်ကျော်အချိန်ယူပြင်ဆင်ထားပြီး အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

**သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်**



မြန်မာလှေလှော်အဖွဲ့ လေ့ကျင့်မှုများပြုလုပ်နေစဉ်။




# နီပေါ၌ မြေငလျင်ထပ်မံလှုပ်ခတ်၊ ၃၆ ဦးထက်မနည်း သေဆုံး၊ ၁၁၁၇ ဦး ဒဏ်ရာရ



**ခတ္တမန္ဒူ မေ ၁၂**

ဟိမဝန္တာတောင်တန်းဒေသရှိ နီပေါနိုင်ငံ၌ မေ ၁၂ ရက်က အင်အား ၇ ဒသမ ၃ ရှိ မြေငလျင်ထပ်မံလှုပ်ခတ်ခဲ့ရာ ၃၆ ဦးထက်မနည်း သေဆုံးပြီး ၁၁၁၇ ဦး ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

နီပေါနိုင်ငံ၌ ဧပြီ ၂၅ ရက်က အင်အား ၇ ဒသမ ၈ ရှိ မြေငလျင်လှုပ်မှုကြောင့် လူ ၈၀၀၀ ကျော် သေဆုံးခဲ့ရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် မြေငလျင်ထပ်မံလှုပ်ခြင်းဖြစ်သည်။

မေ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်က နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူနှင့် ဧဝရက်တောင်အကြား တရုတ်နိုင်ငံနှင့် ထိစပ်နေသော နယ်စပ်ဒေသတွင် မြေငလျင်လှုပ်ခဲ့ရာ အဆောက်အအုံအများအပြား ပြိုကျခဲ့သည်။ ခတ္တမန္ဒူမြို့ အရှေ့ဘက် ၇၅ ကီလိုမီတာအကွာ မြေအောက် အနက် ၁၅ ကီလိုမီတာ (၉ မိုင်)အကွာကို ဗဟိုပြု၍ အင်အား ၇ ဒသမ ၃ ရှိ မြေငလျင်လှုပ်ခဲ့ကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ထုတ်ပြန်ကြေညာသည်။

မြေငလျင်လှုပ်ခဲ့ပြီးနောက် အင်အား ၆ ဒသမ ၃ ရှိ မြေငလျင်အပါအဝင် နောက်ဆက်တွဲမြေငလျင် ငါးကြိမ်ထက်မနည်း ဆက်လက်လှုပ်ခတ်ခဲ့သည်။

မေ ၁၂ ရက်တွင် လှုပ်ခဲ့သော မြေငလျင်ကြောင့် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ်၌ တံတိုင်းနံရံပြိုကျမှုဖြစ်ပွားခဲ့ရာတွင် သုံးဦးသေဆုံးခဲ့ကြောင်း ယင်းပြည်နယ်၏ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာနမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

နီပေါနိုင်ငံအလယ်ပိုင်းရှိ ဝေးလံခေါင်သီသော ချော်တာရာမြို့ငယ်တွင် အဆောက်အအုံအများအပြား ပြိုကျခဲ့ပြီး လေးဦးထက်မနည်း သေဆုံးခဲ့ရသည်။ အဆိုပါမြို့မှာ ဧပြီ ၂၅ ရက်က မြေငလျင်ဒဏ် ခံစားခဲ့ရသူများအား အကူအညီပေးသည့် လုပ်ငန်းလုပ်ကိုင်ရာတွင် အခြေစိုက်စခန်းအဖြစ်အသုံးပြုသောမြို့ဖြစ်သည်။

**ရိုက်တာ။**

# ငါးရက်ကြာအပစ်အခတ်ရပ်စဲရေးမစတင်မီ ယီမင်မြို့တော်ဆာနားကို ဆော်ဒီက လေကြောင်းမှတိုက်ခိုက်

**ဆာနား မေ ၁၂**

ဆော်ဒီအာရေဗျဦးဆောင်သော ပင်လယ်ကွေ့အာရပ်နိုင်ငံများ၏ မဟာမိတ်အဖွဲ့နှင့် ယီမင်နိုင်ငံတစ်ဝန်းရှိဒေသများကို ထိန်းချုပ်ထားသည့် ဟူသီစစ်သွေးကြွများအကြား ငါးရက်ကြာအပစ်အခတ်ရပ်စဲရေးမစတင်မီ နာရီအနည်းငယ်အလို၌ ဆော်ဒီအာရေဗျဦးဆောင်သောတပ်ဖွဲ့မှ စစ်လေယာဉ်များက မေ ၁၂ ရက်တွင် ယီမင်နိုင်ငံ မြို့တော်ဆာနားအား လေကြောင်းစီးနင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

မြို့တော်ဆာနားမြောက်ပိုင်းရှိ ဟူသီသူပုန်အဖွဲ့အား သစ္စာခံသည့် ကြည်းတပ်အခြေစိုက်စခန်းတစ်ခုကို လေကြောင်းစီးနင်းတိုက်ခိုက်မှု သုံးကြိမ်ပြုလုပ်ခဲ့ရာ မီးခိုးတန်းကြီးများ ထွက်ပေါ်ခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

ယီမင်နိုင်ငံတောင်ပိုင်း ဒေင်ဆိပ်ကမ်းမြို့ရှိ ဟူသီသူပုန်အဖွဲ့ ခြေကုပ်ပြုရာနေရာများကို ဆော်ဒီအာရေဗျဦးဆောင်သည့် ညွန့်ပေါင်းလေတပ်ဖွဲ့က ဗုံးကြဲတိုက်ခိုက်ခဲ့သည်။ ဒေသခံလက်နက်ကိုင်တပ်ဖွဲ့များက သူပုန်များအား ဒေင်မြို့နှင့် ယင်းမြို့တောင်ပိုင်းဒေသတို့တွင် ဆက်လက်တိုက်ခိုက်လျက်ရှိသည်။ မေ ၁၁ ရက်တွင် ၎င်းတပ်ဖွဲ့များက နယ်စပ်တစ်လျှောက်တွင် လက်နက်ကြီးများဖြင့် အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

ယီမင်ပြည်ပြေးသမ္မတ အက်ရက်ဘူမန်ဆော်ဟာဒီအား အာဏာပြန်လည်အပ်နှင်းနိုင်ရေး ရည်ရွယ်ချက်ဖြင့် အမေရိကန်ပြည်ထောင်စု၏ ထောက်ခံမှုဖြင့် ဆော်ဒီအာရေဗျဦးဆောင်သော ညွန့်ပေါင်းလေတပ်က ယခုနှစ်မတ်လ ၂၆ ရက်မှစ၍ အီရန်ထောက်ခံသော ဟူသီသူပုန်အဖွဲ့နှင့် မဟာမိတ်ယီမင်ကြည်းတပ်ဖွဲ့စခန်းများအား လေကြောင်းမှ တိုက်ခိုက်နေခဲ့ခြင်းဖြစ်သည်။

အပစ်အခတ်ရပ်စဲမှုသည် မေ ၁၂ ရက် ည ၁၁ နာရီတွင် စတင်မည်ဖြစ်ပြီး ပတ်ဆို့ထားခြင်းခံရသော ယီမင်နိုင်ငံအတွင်းသို့ အစားအစာနှင့် ဆေးဝါးများကို ပေးပို့နိုင်မည်ဖြစ်သည်။ **ရိုက်တာ။**

# အကျဉ်းကျခံနေရသည့် အယ်လ်ဂျာဇီးယားသတင်းဌာနမှ အင်္ဂလိပ်ပိုင်းအစီအစဉ်အကြီးအကဲက အယ်လ်ဂျာဇီးယားသတင်းဌာနကို ဒေါ်လာ သန်း ၁၀၀ လျော်ကြေးငွေတောင်း




**ကိုင်ရို မေ ၁၂**

အီဂျစ်နိုင်ငံ၏အမျိုးသားလုံခြုံရေးကိုထိခိုက်စေသည့် မဟုတ်မမှန်သတင်း ထုတ်လွှင့်ခဲ့သည့်အတွက် အီဂျစ်နိုင်ငံတွင် ထောင်ဒဏ်ကျခံနေသည့် အယ်လ်ဂျာဇီးယားသတင်းဌာနမှ အင်္ဂလိပ်ပိုင်းအစီအစဉ်အကြီးအကဲ မိုဟာမက်ဖာမီက သူ၏အလုပ်ရှင် အယ်လ်ဂျာဇီးယားသတင်းဌာနကို စာချုပ်ကတိလိုက်နာမှုမရှိခြင်းနှင့် ၎င်းတို့အပေါ် တာဝန်ယူမှုမရှိခြင်းတို့ကြောင့် ကနေဒါ တရားရုံးတစ်ခုတွင် ဒေါ်လာ သန်း ၁၀၀ လျော်ကြေးပေးရန် တရားစွဲဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။

ဖာမီနှင့်လုပ်ဖော်ကိုင်ဖက်များ ထုတ်လွှင့်ခဲ့သည့် မဟုတ်မမှန်သတင်းကို အီဂျစ်အစိုးရက ရှုတ်ချခဲ့သည်။ ဖာမီနှင့် သူ၏လုပ်ဖော်ကိုင်ဖက်နှစ်ဦးဖြစ်ကြသည့် အီဂျစ်နိုင်ငံသားထုတ်လုပ်သူ ဘာဟာမိုဟာမက်နှင့် ဩစတြေးလျနိုင်ငံသား သတင်းထောက် ပီတာဂရက်စ်တီတို့အား အီဂျစ်တရားရုံးက ထောင်ဒဏ် ၇ နှစ်မှ ၁၀ နှစ်အထိ ချမှတ်ခဲ့သည်။

၎င်းတို့သုံးဦးထုတ်လွှင့်လိုက်သော သတင်းသည် အီဂျစ်နိုင်ငံ၏အမျိုးသားလုံခြုံရေးကို ထိခိုက်စေနိုင်သည့်အပြင် မွတ်စလင်ညီနောင်များအဖွဲ့ကို ကူညီမှုများပြုနိုင်သည်ဟု အီဂျစ်ရှေ့နေများက စွပ်စွဲခဲ့ကြသည်။ မွတ်စလင်ညီနောင်များအဖွဲ့ကို ထောက်ခံသည့် အီဂျစ်သမ္မတ မော်စီကို ရာထူးမှဖြုတ်ချပြီး ခြောက်လအကြာတွင် အီဂျစ်အာဏာပိုင်များက ယင်းအဖွဲ့ကို အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ခဲ့သည်။

အယ်လ်ဂျာဇီးယားသတင်းဌာနသည် ကာတာနိုင်ငံ၏နိုင်ငံခြားရေးမူဝါဒဖော်ဆောင်ရေးတွင် အရေးပါသည့်အပြင် မွတ်စလင်ညီနောင်များအဖွဲ့ကို ထောက်ပံ့ပေးနေသည့် သတင်းဌာနတစ်ခုလည်းဖြစ်သည်ဟု ဖာမီက ပြောကြားခဲ့သည်။

ဖေဖော်ဝါရီလက ဖာမီအား အာမခံဖြင့် ပြန်လည်လွှတ်ပေးခဲ့သော်လည်း ဖာမီနှင့် အီဂျစ်နိုင်ငံသားထုတ်လုပ်သူ ဘာဟာမိုဟာမက်တို့သည် ဒုတိယအကြိမ် ထပ်မံတရားရင်ဆိုင်နေရသည်။ ၎င်းတို့အား အကြမ်းဖက်အဖွဲ့အစည်းတစ်ခုကို ကူညီထောက်ပံ့ပေးနေသည့် သတင်းသမားများဟု စွပ်စွဲကြသည်။ ဩစတြေးလျနိုင်ငံသား သတင်းထောက် ပီတာဂရက်စ်တီကို ယခုနှစ်အစောပိုင်းတွင် တရားရုံးက ပြန်လည်လွှတ်ပေးခဲ့ကြောင်း သိရသည်။ **ရိုက်တာ။**



# အီရန်၊ ဆီးရီးယားနှင့် ယူကရိန်းအရေး ပူတင်နှင့် ကယ်ရီ တွေ့ဆုံဆွေးနွေးမည်

**ဝါရှင်တန် မေ ၁၂**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဂျွန်ကယ်ရီသည် အီရန်၊ ဆီးရီးယား၊ ယူကရိန်းနှင့် အခြားကမ္ဘာ့ရေးရာပြဿနာများကို ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ဆွေးနွေးအဖြေရှာရန် ရုရှားနိုင်ငံ ဆိုချီမြို့သို့ ယနေ့ ရောက်ရှိခဲ့ကြောင်း သိရသည်။

"ဒီခရီးစဉ်ဟာ ကျွန်မတို့အနေနဲ့ ရုရှားထိပ်တန်းတာဝန်ရှိသူတွေနဲ့ တိုက်ရိုက်ဆက်သွယ်မှုကိုထိန်းသိမ်းဖို့ ကြိုးစားမှုတစ်ခုဖြစ်သလို အမေရိကန်နိုင်ငံရဲ့သဘောထားကို ရှင်းရှင်းလင်းလင်း အသိပေးနိုင်မှာလည်းဖြစ်ပါတယ်" ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး မာရီဟက်ဖ်က ထုတ်ဖော်ပြောကြားသည်။ **ရိုက်တာ။**

# ပီကာဆို၏ ပန်းချီကား ဒေါ်လာ ၁၇၉ သန်းဖြင့် ရောင်းချနိုင်




**နယူးယောက် မေ ၁၂**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ မေ ၁၁ ရက်က ပြုလုပ်သော လေလံပွဲတစ်ခုတွင် ပီကာဆို၏ လက်ရာ ပန်းချီကားတစ်ချပ်ကို ဒေါ်လာ ၁၇၉၃၆၅၀၀၀ အထိပေးကာ ရောင်းချနိုင်ခဲ့ကြောင်း ခရစ္စတီး အနုပညာလက်ရာပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီက မေ ၁၂ ရက်တွင် ပြောကြားသည်။

ပီကာဆို၏လက်ရာ ပန်းချီကားတစ်ချပ်တည်းကို ဒေါ်လာ ၁၇၉ သန်းကျော်ပေး၍ ရောင်းချနိုင်ခြင်းမှာ စံချိန်တင် ငွေကြေးပမာဏ ဖြစ်သည်။

စပိန်လူမျိုး ပန်းချီဆရာကြီး ပါဘလိုပီကာဆို ရေးဆွဲခဲ့သော Version "O" အမည်ရှိ ပန်းချီကားသည် ခေတ်ပြိုင်ကာလ အနုပညာဈေးကွက်၌ စံချိန်တင်ဈေးရသည့် ပန်းချီကားတစ်ချပ်ဖြစ်လာသည်။

ဈေးအကြီးဆုံး ပန်းချီကားအဖြစ် ယခင်စံချိန်တင်ခဲ့သော ပန်းချီကားချပ်မှာ အိုင်ယာလန်ဇာတိဖွား ဗြိတိသျှလူမျိုး ပန်းချီဆရာကြီး ဖရန်စစ်ဘေကွန်၏ Three Studies of Lucian Freud အမည်ရှိပန်းချီကားဖြစ်ပြီး ၂၀၁၃ ခုနှစ်က ယင်းပန်းချီကားကို ဒေါ်လာ ၁၄၂ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။ **ရိုက်တာ။**



## အမှိုက်သိမ်းလက်တွန်းလှည်းများပေးအပ်

**ပဲခူး မေ ၁၂**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းလက်တွန်းလှည်းများ ပေးအပ်ပွဲအခမ်းအနားကို မေ ၁၀ ရက်က ကျင်းပရာပဲခူး မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် စည်ပင်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊အထောက် အကူပြုအဖွဲ့များ၊ ဆယ်အိမ်မှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမိုးကျော်က အမှိုက်သိမ်းလက်တွန်းလှည်းများပေးအပ် ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အမှိုက်သိမ်း လက်တွန်း လှည်းများအား ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အထောက်အကူ ပြုအဖွဲ့ထံ ပေးအပ်ခဲ့သည်။

ပဲခူးမြို့ပေါ် ရပ်ကွက်များမှ တစ်နေ့လျှင် အမှိုက်တန်ချိန် ၃၅ တန်ခန့်ထွက်ရှိရာ ပဲခူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နေ့စဉ် အမှိုက်သိမ်းယာဉ် ၁၅ စီးဖြင့် လိုက်လံသိမ်းဆည်းရာတွင် လုံလောက်မှုမရှိသောကြောင့် ရပ်ကွက်များအနေဖြင့် မိမိတို့အစီ အစဉ်နှင့် အမှိုက်များစွန့်ပစ်သိမ်းဆည်းရန်အတွက် မြို့ပေါ် ရပ်ကွက်များတွင် လူဦးရေထူထပ်သော ကားဝင်ရန်ခက်ခဲသော နန်းတော်ရာရပ်ကွက်၊ ရှင်စောပုရပ်ကွက်၊ ပုဏ္ဏားစုရပ်ကွက်တို့ ကို ပေးအပ်ခြင်းဖြစ်ပြီး ကျန်ရပ်ကွက်များအနေဖြင့် အမှိုက်သိမ်း လက်တွန်းလှည်းများ လိုအပ်ပါက ပဲခူးမြို့နယ် စည်ပင်သာယာ ရေးအဖွဲ့ရုံးသို့ အကြောင်းကြားနိုင်သည်။ **တင်စိုး(ပဲခူး)**

# ရာသီဥတုဖောက်ပြန်၍တောင်သူအချို့ နွားစာအခက်အခဲကြုံရ

**နတ်မောက် မေ ၁၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ နယ်အတွင်းရှိ ကျေးရွာအချို့တွင် ပြီးခဲ့ သော မိုးရာသီ၌ မိုးရွာသွန်းမှုနည်းပါးသည့် အတွက် သီးနှံများအထွက်နှုန်းကျဆင်း ကာ နွားစာမြက်များရှားပါး၍ ဒေသခံ တောင်သူအချို့မှာ နွားစာရှာဖွေနေရ ကြောင်း သိရသည်။

နတ်မောက်မြို့နယ်အတွင်းရှိ ဝါးရုံ ကုန်း၊ ချောင်းနက်၊ အုတ်ဖို၊ ကျောင်းကုန်း၊ ဝက်ချုပ်၊ သမုန်းပင်၊ ကျွဲထူးကန်၊ ဝင် ကိုက်အစရှိသော ကျေးရွာအုပ်စုများရှိ တောင်သူအများစုမှာ နွားစာမလုံလောက် မှုကြောင့် မြို့သစ်မြို့နယ်ရှိ နွေစပါးကောက် ရိုးများအား အပုံပြတ်စနစ်ဖြင့်လည်း ကောင်း၊ ကားဖြင့်အစီးပြတ်စနစ်ဖြင့် လည်းကောင်း ဝယ်ယူကြရကြောင်း ယင်း ဒေသခံများ၏ ပြောပြချက်အရသိရ သည်။

နွားစာထော်လာဂျီ တစ်စီးလျှင် ကျပ် ၂၀၀၀၀ ခန့်ရှိ၍ ကားခနှင့်ပေါင်းတွက် ပါက ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်ကုန်ကျမှု များရှိကြောင်း၊ မိုးမကျခင်အထိ နွားစာ လုံလောက်မှုမရှိနိုင်သဖြင့် ဒေသတစ်ဝိုက် တွင်ရှိသော ခင်တန်း၊ ချောက်များမှ ယခင် နွားမစားသည့် မြက်ရိုင်းများကို လူငှား များဖြင့်ရသလောက်ရိတ်၍ ရောနှော ကျွေးနေရကြောင်း၊ ယခုလိုဝင်ငွေမရှိ ကာလမျိုးတွင် နွားစာအတွက်လုံးပန်းနေ ရ၍ တောင်သူများအခက်အခဲများရှိ ကြောင်း အုတ်ဖိုကျေးရွာမှ တောင်သူတစ် ဦးက ပြောပြသည်။

ယခင်က တန်ဆောင်မုန်းလတွင် ဆွတ် ခူးသည့် ပင်ပြန့်မြေပဲရိုးများနှင့် သီးထပ် အဖြစ်စိုက်ပျိုးသည့် ပြောင်းရိုး၊ ဆပ်ရိုး၊ ပဲနောက်ရိုးများဖြင့် နွားစာအတွက် တစ် နွေစာလောက်လောက်ငခဲ့သော်လည်း ယခုအခါ ရာသီဥတုဖောက်ပြန်သည့် အတွက်ကြောင့် နွားစာမလုံလောက်မှု ပြဿနာကြုံတွေ့ရသည်မှာယခုနှစ်နှင့် ဆို သုံးနှစ်လေးနှစ်ခန့်ရှိခဲ့ပြီဖြစ်ကြောင်း ၎င်းကပြောပြသည်။



တောင်သူများအဖို့ ယခုအချိန်တွင် လူက နွားကိုပြန်လုပ်ကျွေးနေရသကဲ့ သို့ဖြစ်နေကြရာ နွားစာမလုံလောက်သည့် အတွက် လုံးပန်းနေရကြောင်းနှင့် တောင် သူလုပ်ငန်းများထက် နွားစာရှာရသည့် အလုပ်ကိုအချိန်ပေးနေရကြောင်း ဒေသခံ တောင်သူများကပြောသည်။

**ဇင်ဝေယံလင်း(နတ်မောက်)**

# မိုးလေဝသအခြေအနေသတင်းများအား ရပ်ကွက်များအတွင်းသို့ လိုက်လံနှိုးဆော်

**ပဲခူး မေ ၁၂**

မိုးလေဝသအခြေအနေသတင်းများနှင့် စပ်လျဉ်း၍ ထူးခြားမိုးလေဝသခန့်မှန်းချက်၊ အခါအားလျော်စွာထုတ်ပြန်ချက်များနှင့် သတင်းအချက်အလက်များအား ပြည်သူ လူထု အချိန်နှင့်တပြေးညီ ကြိုတင်သိရှိ ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီး ဌာနရုံးများမှ ပေးပို့လာမှုအား တိုင်း၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၏ ညွှန်ကြား ချက်ဖြင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး များက မိမိတို့ရပ်ကွက်၊ ကျေးရွာများအတွင်း အသံချဲ့စက်များဖြင့်လိုက်လံ၍ပဲခူးမြို့ပေါ် ရပ်ကွက်အသီးသီးတွင် အသိပေးနှိုးဆော် ပေးနေကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ဧပြီလနှင့် မေလ၊ မိုးတွင်းကာလ ဇူလိုင်လမှ အောက် တိုဘာလအထိနှင့် မိုးနှောင်းကာလ နိုဝင် ဘာလတို့၌ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလေ့ရှိတတ်ရာ မိမိတို့ဒေသ၏ မိုး လေဝသအခြေအနေများ၊ ထူးခြားမိုးလေဝသ ဖြစ်စဉ်များ၊ လစဉ်ရာသီဥတုခန့်မှန်းချက် များ၊ ရာသီဥတုအချက်အလက်များအား ဒေသခံပြည်သူလူထုများသိရှိရန် လိုအပ် မည်ဖြစ်သည်။

၂၀၁၅ ခုနှစ် ဧပြီ ၁ ရက်တွင် မိုးလေဝသ နှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ် ပြန်သည့် မိုးကြိုကာလ လေပြင်းတိုက်ခတ် မည့်အစီအစဉ်နှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အရပ်ရပ်တွင် အနောက်တောင်မုတ်သုံ ရာသီမကျရောက်မီ မိုးကြိုကာလအတွင်း နေ့အပူချိန်များမြင့်တက်လာရာမှ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ် ပေါ်ပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျား နေရာတစ်လျှောက်တွင် လေပြင်းတိုက်ခတ် ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုး ကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေ ခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာ ခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ် နိုင်ပါကြောင်းကို ထုတ်ပြန်ကြေငြာထား သည်။

လေပြင်းတိုက်ခတ်စဉ် မြေပြင်ရေပြင် လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်ကြောင်း သတိပေးချက် ထုတ်ပြန်ထားမှုအခြေအနေအပေါ် ပြည် သူလူထု ဂရုပြုနေထိုင်နိုင်ရန် ပဲခူးမြို့ပေါ် ရပ်ကွက်အသီးသီးရှိ အုပ်ချုပ်ရေးမှူးများက ထပ်ဆင့်လိုက်လံအသိပေးနှိုးဆော်ခြင်း ဖြစ်ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**

## မြေသားလမ်းသစ်များ ဖောက်လုပ်

**တောင်တွင်းကြီး မေ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် မောင်း တိုင် (၂)ရပ်ကွက်အတွင်းရှိ ထူပါရုံအခြေခံပညာမူလတန်း လွန်ကျောင်းသို့ တက်ရောက်ပညာသင်ကြားလျက်ရှိ သော ကျောင်းသား၊ ကျောင်းသူများ သွားလာမှုလွယ်ကူ ချောမွေ့စေရေးအတွက် အရှည်ပေ ၁၅၀၀၊ အကျယ် ၁၅ ပေရှိမြေသားလမ်းနှစ်လမ်းနှင့် အရှည်ပေ ၃၀၀၀၊ အကျယ် ၁၅ ပေရှိ မြေသားလမ်းများကို စက်ယန္တရားကြီးဖြင့် ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါမြေသားလမ်းသစ်ဖောက်လုပ်ပြီးစီးသွားပါက ရပ်ကွက်အတွင်းနေထိုင်သူများ နွေ၊ မိုး၊ ဆောင်း အချိန်မရွေး သွားလာနိုင်မည်ဖြစ်သည့်အပြင် ဒေသခံ များ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ **နိုင်ဝင်း**

**နှစ်(၃၀)ပြည့် ပုလဲရတု မင်္ဂလာ ဆုတောင်းလွှာ**

ချစ်ဖေဖေ ဗိုလ်မှူးကြီးညွန့်ဝေ(ငြိမ်း) ရန်ကုန်တိုင်းဒေသကြီး မထသ (အဝေးပြေး)ကော်မတီ ဉက္ကဋ္ဌနှင့် ချစ်မေမေ ဒေါ်နနရီတို့၏ (၁၂.၅.၂၀၁၅)ရက်တွင် ကျရောက်သော (၃၀)နှစ်မြောက် ပုလဲရတု မင်္ဂလာရက်မြတ်မှသည်နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်သော သားသမီးများနှင့် အတူ ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝကို ပိုင်ဆိုင်နိုင်ပြီး လောကီ၊ လောကုတ္တရာနှစ်ဖြာသော အကျိုးကိုအတူသယ်ပိုးနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -----


ချစ်သမီးကြီး - စန္ဒာခိုင်ဝေ
ချစ်သားကြီး - ဗိုလ်ကြီးဝေဖြိုးအောင်
ချစ်သမီးငယ် - သန္တာညွန့်ဝေ




**သော်မဆင်ရိပ်သာကွန်ဒိုမီနီယမ် - ဗိုလ်တထောင်လမ်းသွယ်(၄)**

မြေပိုင်ရှင်ကိုယ်တိုင်ချိုသာသောနှုန်းထားများဖြင့်ရောင်းချပေးလျက်ရှိပါသည်။

(၈)လွှာအထိ ဆောက်လုပ်ပြီးစီးလျက်ရှိပါသည်။



* Air-con
* Back-up Generator
* Security Guard

**Location**

* ရန်ကုန် Down town

**ငွေပေးချေမှုစနစ်**

* 30%

ဆက်သွယ်ရန်ဖုန်း-09 5501141, 09 450003670, 09 5143172

**မြောက်ဦးနဝရတ်ဟိုတယ်မိုးရာသီအထူးလျှော့ဈေး**

**Special Monsoon Promotion**

ရခိုင်ပြည်နယ်၏ ရှေးဟောင်းမြို့တော်တစ်ခုဖြစ်သော မြောက်ဦးမြို့တော်တွင် အံ့မခန်း ရှေးဟောင်းစေတီပုထိုးများနှင့် Archaeological attractions များကို ဖူးမြော်လေ့လာရင်း အနားယူ အပန်းဖြေနိုင်ရန်မိုးရာသီ Promotion ကို ၂၀၁၅ ခုနှစ် မေလ၁ရက်နေ့မှစက်တင်ဘာလ ၁၅ရက် နေ့ထိ အောက်ပါအစီအစဉ်များဖြင့် မြောက်ဦးနဝရတ်ဟိုတယ်တွင် လာရောက်တည်းခိုနိုင်ပါရန် သတင်းကောင်းပါးအပ်ပါသည်။

Room Discount -25% of all room types.
Free Breakfast & Free internet အပြင်
Get one free superior room for two persons
(Minimum booking required for five rooms per time)
ဖုန်း-01-202540, 298943, 09-8510589, 09-421149902

# လူလေးသို့ပေးစာများ -၁၃



မြသန်းတင့်

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

**လန်ဒန်၊ ဒီဇင်ဘာ ၁၂ ရက်၊ ၁၇၄၇ခုနှစ်။**

**လူလေး**

လူတော်တော်များများ မသိပေမယ့် မင်းကို အသိစေချင်ဆုံး အရာတစ်ခုရှိတယ်။ အဲဒါကတော့ အချိန်ရဲ့ အသုံးကျမှုနဲ့အချိန်ရဲ့ တန်ဖိုးပဲ။ အချိန်ဟာ တန်ဖိုးရှိတယ်။ အချိန်ကို အသုံးရမယ့်လို့ လူတိုင်းပါးစပ်က ပြောကြတယ်။ ဒါပေမယ့်လူတော်တော်များများက လက်တွေ့မလုပ်ကြဘူး။ အချိန်ကို အလဟဿဖြုန်းတီးပစ်နေတဲ့လူဖျင်းလူညံ့တစ်ယောက်တောင်မှပဲ အချိန်အဖိုးတန်ကြောင်း၊ အချိန်လျှင်မြန်ကြောင်းနဲ့ ပတ်သတ်တဲ့သန်းပေါင်းများစွာရှိတဲ့ စာကြောင်းတွေကို မကြာခဏရွတ်ဆိုလေ့ရှိကြတယ်။

ဥရောပတိုက်တဝှမ်းမှာရှိတဲ့ နေနာရီတွေပေါ်မှာလည်း ဒီအကြောင်းနဲ့ ပတ်သတ်လို့ အဆိုအမိန့်၊အဆုံးအမတွေ ရေးထားကြတယ်။ ဒါ့ကြောင့် လူတွေဟာ နေ့စဉ်နဲ့အမျှ အချိန်တွေကိုအလဟဿအကုန်ခံကြပေမယ့် ဒီစကားတွေ၊ ဒီအဆုံးအမတွေကိုတော့ မကြားဖူးတဲ့ လူရယ်လို့ ရှိမယ်မထင်ဘူး။

ဒါပေမယ့် ဒီအဆိုအမိန့်တွေကို ဉာဏ်အမြော်အမြင်ရှိရှိနဲ့ မစဉ်းစားတတ်ရင်တော့ ဒီအဆိုအမိန့်တွေဟာ အချည်းနှီးပဲ။မလိုက်နာဘူးဆိုရင်တော့ မပြောနဲ့တော့။ ခုမင်းရေးလိုက်တဲ့ စာထဲမှာပါတဲ့အတိုင်း ဆိုရင်တော့ မင်းဟာဉာဏ်ရှိရှိနဲ့အချိန်ကိုအသုံးချတတ်တယ်လို့ပဲ ဖေဖေယူဆတယ်။ ဒီလိုဉာဏ်အမြော်အမြင်ရှိရင် ပိုပြီးဉာဏ်ပညာကြွယ်ဝလာမှာအမှန်ပဲ။ ဒါ့ကြောင့် အချိန်ကိုကောင်းစွာအသုံးချခြင်း၊ ဖြုန်းတီးခြင်းနဲ့ ပတ်သတ်လို့ အကျိုးအပြစ်ဝေဖန်တဲ့ဆုံးမဩဝါဒ တစ်စောင် ဖေဖေ မရေးလိုတော့ဘူး။ မင်း အနာဂတ်မှာ တွေ့ကြုံရမယ့် တော်တော်ကလေးရှည်ကြာမယ့် အချိန်တစ်ခုကို အသုံးချရေးနဲ့ ပတ်သက်လို့ပဲ ဖေဖေရေးလိုက်တော့မယ်။ နောင်လာမယ့်နှစ်နှစ်ကို ဖေဖေဆိုလိုတာပါ။

ဘယ်ပညာဗဟုသုတကိုပဲဖြစ်ဖြစ် အသက်ဆယ့်ရှစ်နှစ်မပြည့်မီမှာ ခိုင်ခိုင်မာမာ အခြေခံမချခဲ့မိရင်မင်းဟာ ဘယ်တော့မှ ကြီးပွားမှာ မဟုတ်ဘူး။ အဲဒါကို မြဲမြဲ မှတ်ထားပါ။ ဖေဖေ့တို့လို အသက်ကြီးတဲ့လူများအဖို့တော့ ပညာဗဟုသုတဆိုတာဟာ လိုလည်းလိုအပ်၊ ချမ်းလည်းချမ်းမြေ့တဲ့ရိပ်မြုံတစ်ခုပဲ။ ငယ်ငယ်တုန်းကအဲဒီပညာအပင်ကြီးကို မစိုက်ခဲ့ရင် ကြီးလာတော့ခိုလှုံနားနေဖို့အရိပ် ဘယ်မှာရှိပါတော့မလဲ။

လောကကြီးထဲကိုဝင်ရောက်လာပြီးတဲ့နောက်မှာ စာအုပ်တွေကို ချည်းအပတ်တကုတ်လေ့လာနေရမယ်လို့ ဖေဖေမတောင်းဆိုပါဘူး။ ဒါဟာ ဘယ်ဖြစ်နိုင်ပါ့မလဲ။ သင့်လည်းမသင့်လျော်ဘူးပေ့ါ။ ဒါ့ကြောင့်မို့ ခုအချိန်ဟာ မင်းအတွက်စာပေပညာကိုအဆက်မပြတ်၊ မပျင်းမရိ လေ့လာဖို့ဟာ တစ်ခုတည်းသော အချိန်၊ နောက်ဆုံးအချိန်ပဲ။ တကယ်လို့ဒီလိုပညာတွေ၊ သင်ခန်းစာတွေကို သင်အံကျက်မှတ်ရတာဟာ ပင်ပန်းခက်ခဲတဲ့ အလုပ်ကြီးတစ်ခုလို့ များတစ်ခါတစ်လေထင်မိရင် အဲဒီပင်ပန်းမှုဟာ ရှောင်လွှဲလို့မရတဲ့ ခရီးရှည်ကြီးတစ်ခုကို သွားရတဲ့အတွက်ရတဲ့ ပင်ပန်းမှုလို့ပဲ သဘောထားပါ။ တစ်နေ့တစ်နေ့မှာ အချိန်ပိုပြီးခရီးသွားလေလေ၊ ခရီးပန်းတိုင်ကိုမြန်မြန်ရောက်လေလေပေ့ါ။ မင်းရဲ့လွတ်လပ်မှုရဖို့ မြန်မြန်အရည်အချင်းရှိလာလေလေလွတ်လပ်မှုကိုမြန်မြန်ရလေလေပဲဖြစ်မှာပေ့ါ။ မင်းရဲ့ခရီးပန်းတိုင်ကို လျင်မြန်စွာရောက်ရေးမရောက်ရေးဟာဒီကြားထဲမှာရှိတဲ့ အချိန်ကာလတွေကို မင်းဘယ်လောက်အသုံးချနိုင်သလဲဆိုတဲ့ အပေါ်မှာတည်တယ်။

တကယ်လို့သာ အသက်ဆယ့်ရှစ်နှစ်မပြည့်ခင်မှာဖေဖေစိတ်တိုင်းကျ မင်းလုပ်ပေးခဲ့ပြီး ဆယ့်ရှစ်နှစ်ကျော်တဲ့နောက်မှာမင်းစိတ်တိုင်းကျ ဖေဖေ လုပ်ပေးမယ်လို့ ကတိကဝတ်ပြုကြေးဆိုရင် ဖေဖေလုပ်တဲ့အလောင်းအစားဟာ ကောင်းတဲ့ အလောင်းအစားလို့ ဖေဖေ ထင်တယ်။ ဖေဖေ့ဘက်ကတော့ ကတိတည်ပါတယ်။

မိမိရဲ့ အချိန်ကို ကောင်းကောင်းအသုံးချတတ်တဲ့ ဖေဖေ့ရဲ့ မိတ်ဆွေတစ်ယောက်ရှိတယ်။ ဘယ်လောက်တောင် အချိန်ကို အသုံးချသလဲဆိုရင် သဘာဝကိစ္စအတွက် သက်ဆိုင်ရာအခန်းကို ဝင်ရာမှာတောင်ရသမျှအချိန်ကလေးကို အလဟဿ အဖြစ်မခံဘူး။ ဒီလိုနဲ့ တဖြည်းဖြည်းနဲ့ပဲ သူဟာလက်တင်ကဗျာဆရာကြီးတွေအားလုံးရဲ့ ကဗျာတွေကို ရေအိမ်ထဲမှာပြီးအောင် ဖတ်သွားခဲ့တယ်။ ဆိုပါတော့ လက်တင်ကဗျာဆရာကြီးဟိုးရေစ်ရဲ့ ဈေးချိုချို ပုံနှိပ်ထုတ်ဝေတဲ့ ကဗျာစာအုပ်ကို ဝယ်တယ်။ အဲဒီအထဲက နှစ်ရွက်သုံးရွက် လောက်ကို နေ့တိုင်းဆုတ်ပြီး သက်ဆိုင်ရာအခန်းကို ဝင်တဲ့အခါမှာယူသွားတယ်။ သဘာဝကိစ္စဆောင်ရွက်ရင်းအဲဒီကဗျာတွေကို ဖတ်တယ်။

ပြီးတော့မှ အဲဒီစာရွက်တွေကို ရေအိမ်စောင့်နတ်ဖြစ်တဲ့ ကလိုစီနာကိုပူဇော်လိုက်တယ်။ တစ်နေ့တစ်နေ့ ရေအိမ်ကိုသွားတဲ့ အချိန်တွေကို ပေါင်းလိုက်ရင်နည်းသလား။ ဒီလိုနမူနာမျိုးကို ယူဖို့ဖေဖေ တိုက်တွန်းချင်တယ်။ အဲဒီလိုအချိန်မျိုးမှာ ကိုယ်ဝါသနာပါတဲ့ အရာကို လုပ်ရတယ်ဆိုတာအကျိုးရှိတာပေ့ါ။ ဒီလို အချိန်မျိုးမှာ ဖတ်ရတဲ့စာအုပ်ဟာလည်း မှတ်မိလွယ်လိမ့်မယ်လို့ ဖေဖေ ထင်တယ်။ သိပ္ပံပညာဆိုင်ရာ စာအုပ်မျိုး၊လေးနက်တဲ့စာအုပ်မျိုးကျတော့ ဒီလိုပြတ်တောင်းပြတ်တောင်းဖတ်လို့မဖြစ်ဘူး။ တောက်လျှောက်ဖတ်ရလိမ့်မယ်။ ဒါပေမယ့် တချို့စာအုပ်ကျတော့လည်း နည်းနည်းချင်းဖတ်၊ တိုစိတိုစိဖတ်၊ ဖြည်းဖြည်းချင်းဖတ်ရတာမျိုး တွေရှိတယ်။ ဗာဂျီးကလွဲရင် လက်တင်ကဗျာစာအုပ်တော်တော်များများဟာ အဲဒီလိုနည်းနဲ့ဖတ်ရမယ့် စာအုပ်တွေဖြစ်တယ်။ ခုခေတ်မင်းကြိုက်တဲ့ ခေတ်ပေါ် ကဗျာဆရာများရဲ့ ကဗျာများဟာလည်းအဲဒီလိုနည်းနဲ့ ဖတ်ရမယ့် စာမျိုးတွေဖြစ်တယ်။ တစ်ပုဒ်ကို ရှစ်မိနစ်လောက် ဖတ်လိုက်ရင် ပြီးနိုင်တယ်။ ဘေးလ်ရဲ့အတ္ထုပ္ပတ္တိ အဘိဓာန်ကျမ်းတို့၊ မိုရဲရီရဲ့ အတ္ထုပ္ပတ္တိ အဘိဓာန်ကျမ်းနဲ့ အခြားသော အဘိဓာန်အမျိုးမျိုးတို့ကတော့ အားရင်မကြာခဏ လှန်ကြည့်ရမယ့် စာအုပ်မျိုးတွေဖြစ်တယ်။

မင်္ဂလာညပါ။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

## အယ်ဒီတာထံပေးစာ

### ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်စေချင်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၁၀) ရပ်ကွက် ဘယသကြံန်လမ်းတွင် ကန်ထရိုက်တိုက်များ ဆောက်လုပ်ကြရာ လမ်းမပေါ်၌ သဲများပုံခြင်း၊ ကျောက်စရစ်ခဲများပုံခြင်း၊ ဘိလပ်မြေဖျော်ခြင်းများပြုလုပ်မှုကြောင့် ရေမြောင်းများရေစီးရေလာမရှိတော့ဘဲ ပိတ်ဆို့ကာ ရေမြောင်းများရေလျှံနေပါသည်။ မိုးတွင်းကျရောက်သည့်အခါ ပိုဆိုးလာမည်ဖြစ်သဖြင့် ရေမြောင်းများတွင် ရေစီးရေလာပြန်လည်ကောင်းမွန်စေရေး သက်ဆိုင်ရာမှ ကြီးကြပ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းတွင်းနေထိုင်သူတစ်ဦး**

### စည်းကမ်းမဲ့ဆိုင်ခင်းရောင်းချနေ

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမ်းနားအဝိုင်းပတ်နေရာ ဒလ-တွံတေးပြေးဆွဲလျက်ရှိသည့် စူပါကာစတန်ယာဉ်များ ဂိတ်ထိုးရန် တရားဝင်သတ်မှတ်ပေးထားသော နေရာတွင် ဈေးဆိုင်ခန်းများမှ စည်းကမ်းမဲ့ဆိုင်ခင်းရောင်းချမှုများ၊ ဆိုက်ကားနှင့် ဆိုင်ကယ်များကလည်း အဆိုပါဂိတ်နေရာတွင် ရပ်တန့်ထားမှုများကြောင့် ယာဉ်ကြောပိတ်ဆို့လျက်ရှိပြီး လိုင်းကားများ ဂိတ်ထိုးရန်နှင့် ခရီးသွားများ အခက်အခဲဖြစ်နေရပါသဖြင့် လိုအပ်သလို ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(စူပါကာစတန်ယာဉ်မောင်းများ)**

### မီးအားအပြည့်အဝရရှိရေးဆောင်ရွက်စေချင်

ပြည်မြို့တရုတ်စုရပ်ကွက်သည် ပြည်တက္ကသိုလ်နှင့်အနီးဆုံးရပ်ကွက်တစ်ခုဖြစ်ပြီး တက္ကသိုလ်ကျောင်းသား ကျောင်းသူအများစုသည် ၎င်းရပ်ကွက်ရှိ အဆောင်များတွင် ငှားရမ်းနေထိုင်လျက်ရှိရာ လျှပ်စစ်မီးအတက်အကျ မမှန်သဖြင့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများ ထိခိုက်ပျက်စီးခြင်း၊ မီးအားမမှန်ခြင်းတို့ကြောင့် အခက်အခဲဖြစ်ရပါသဖြင့် မီးအားအပြည့်အဝရရှိရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**(မီးအားအပြည့်အဝရလိုသူများ)**

### ကုန်တင်ကုန်ချကားများကြောင့်သွားလာရေးခက်ခဲ

ရန်ကုန်မြို့တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် ရတနာလမ်းကားမှတ်တိုင်အနီးရှိ အိမ်ဆောက်ပစ္စည်းရောင်း ဝယ်သော ဆိုင်မှ အုတ်-သဲ-ကျောက်-ဘိလပ်မြေကားများ မှတ်တိုင်တွင်ပိတ်ရပ်ကာ နေ့စဉ် ကုန်တင်ကုန်ချပြုလုပ်နေသောကြောင့် ခရီးသွားပြည်သူများသွားလာရေးခက်ခဲပြီး ကုန်တင်ကုန်ချကားများကို ရှောင်နေရခြင်း၊ ဘိလပ်မြေအိတ်မှ အမှုန့်များနေ့စဉ်ရှူရှိုက်နေရခြင်းတို့ကြောင့် ကျန်းမာရေးပါ ထိခိုက်လာနိုင်သဖြင့် ဖြေရှင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရတနာလမ်းသားများ**

### ရေမြောင်းပိတ်ဆို့နေမှု အချိန်မီပြုပြင်စေချင်

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် (တောင်ပိုင်း) အပိုင်း(၈) ပြည်ထောင်စုပန်းခြံ အနီးသံသုမာလမ်းဟောင်းနှင့် စံပြဈေးကြီးနှင့်ဆက်သွယ်ထားသော သံတံတားတစ်ခု ရထားသံလမ်းပေါ်မှ တည်ဆောက်ထားရှိရာ ယင်းသံတံတား၏ တောင်ဘက်လှေကားခြေရင်းတွင် ငမိုးရိပ်ချောင်းသို့ စီးဝင်နေသော ရေမြောင်းကြီး တစ်ခုရှိရာ မြောင်းဘေးဝဲ၊ ယာရှိအိမ်ဆိုင်များ၏ အညစ်အကြေးများကြောင့် ရေမြောင်းကြီး လုံးဝပိတ်ဆို့နေပါသဖြင့် ထိုရေမြောင်းကြီး ရေစီးရေလာကောင်းမွန်ရေး မိုးမကျမီ အချိန်မီ ပြုပြင်ပေးစေလိုကြောင်း တင်ပြအပ်ပါသည်။

**ကြီးပွားရေး(တောင်)ရပ်ကွက်သားများ**

တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
အမှတ်(၃၅၅)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်။
ဝန်ထမ်းအလိုရှိသည်။(ပြည်တွင်း၌သာ ခန့်ထားရန်)

၁။ အင်ဂျင်နီယာ(Building Survey ကျွမ်းကျင်) (၃) ဦး
မှတ်ချက်။ အမြန်လျှောက်ထားနိုင်သည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးမှတ်တမ်း၊ ဓာတ်ပုံ(၂)ပုံ ၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူနှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၂)ပတ်အတွင်း အထက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

Myanmar Professional Development Center
လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်သော
1. International Business Management Certificate Program
တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိထားသူများ (သို့) လုပ်ငန်းအတွေ့အကြုံ (၂) နှစ်ရှိသူများ လျှောက်ထားနိုင်ပါသည်
2. Human Resource Management Certificate Program
တက္ကသိုလ်တက်ရောက်နေသူများ (သို့) လုပ်ငန်းခွင် အတွေ့အကြုံရှိသူများ လျှောက်ထားနိုင်ပါသည်
ခေါင်းဆောင်မှုဆိုင်ရာ နိုင်ငံတကာ အတွေ့အကြုံရရှိနိုင်သော
3. AIESEC Global Leadership Development Program
Building (15), MICT Park , Hlaing Township, Yangon
01 507043, 507047, 09 73103785, 420114501, 256146919,
sandra@newklink.com, www.myanmarpdc.net
Enroll Now!

## အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

ဖယောင်းတိုက်ထား၍ တစ်ကြောင်း၊ မေမေက လေလုံသော သေတ္တာတွင်း၌ ပရုတ်မှုန့်ဖြူးကာဂရုတစိုက် သိမ်းထား၍တစ်ကြောင်း၊ သစ်ရွက်ဝါကလေးများမှာ ပုံမပျက်၊ ပန်းမပျက် ရှိနေရှာသေးသည်။

ထိုညက ခိုင့်ဆီသို့ စာရှည်ရှည်တစ်စောင်ရေးသည်။ စာနှင့်အတူ ကျွန်တော်တို့ခြံတွင်းရှိ စွယ်တော်ပင်မှ အရွက်တစ်ရွက်ကို ခူးထည့်ပေးလိုက်သည်။ နွေမဟုတ်သဖြင့် ရွက်ဝါတော့ ရှာမရပါ။

ခိုင်မှတစ်ဆင့် ငြိမ်းမောင်ဆီသို့လည်း စာတစ်စောင် ပါးလိုက်သေးသည်။

ကျွန်တော်သည် မည်စည်ပင်ရိပ်၌ ထိုင်ကာ မြစ်ပြင်ကို ငေးလာတတ်၍ ပီယာနိုဖြင့် ယမုန်နာပတ်ပျိုးကို ညဥ့်နက်သည်အထိ ပြန်တီးလေ့ရှိကြောင်းကို အမှန်ဝန်ခံရပါမည်။

ခိုင့်ဆီမှ စာများ မှန်မှန်လာသည်။ ကျွန်တော်ကလည်း စာမှန်မှန်ပြန်သည်။ ခိုင့်ကျေးဇူးကြောင့် မက်ထရစ်ကူလေးရှင်းစာမေးပွဲအတွက် လိုအပ်သော စာအုပ်စာတမ်းများနှင့် နုတ်စ်များပါ ကျွန်တော်ရရှိသည်။

ငြိမ်းမောင်ထံမှလည်း စာတစ်စောင်ရသည်။ သို့ရာတွင် သူ့စာ၌ ပဟေဠိသဘောတို့ ပါလာ၏။

ဥပမာ . . .

" ပျောက်သောသူ ရှာရင်တွေ့၊ သေသောသူ ကြာရင် မေ့တဲ့၊ ငါကတော့ မမေ့ပါဘူးကွာ . . .။

ဒါပေမယ့် . . . မင်းစာရတော့ တမလွန် ဟိုဘက်ကနေ တစ္ဆေလှမ်းခြောက်သလားလို့ ထင်မိတယ်။ ဒါပေမယ့် သိပ်မလန့်ပါဘူး သူငယ်ချင်း။ ငါက အမြဲ တစ္ဆေခြောက်ခံနေရသူကိုး။ ငါကတော့ ဘယ်သူ့ကိုမှ ပြန်ခြောက်ခွင့် မရခဲ့ဘူး။ အကြောင်းက ဘဝကို ခင်မင်လွန်းတဲ့ ငါဟာ တစ္ဆေဖြစ်ဖို့ သေမှ မသေသေးဘဲဟာကိုး . . . "

ဤကဲ့သို့ စာပိုဒ်မျိုး . . .။ တစ်ဖန် . . .

" ငါလည်း မက်ထရစ်ဖြေဖို့ကြိုးစားနေတယ်။ မင်းအောင်ရင်တော့ တို့အတူပြန်လည်ဆုံတွေ့ကြသေးတာပေါ့။ ပျော်ရွှင်ဖွယ်ကောင်းသော အတိတ်ကာလဟာ မရှိခဲ့ဘူးဆိုရင် . . .။ ပြီးတော့ ပစ္စုပ္ပန်ဆိုတာဟာလည်း အတိတ်ကာလကို သစ္စာမဖောက်ခဲ့ဘူးဆိုရင်တော့ ပြန်လည်တွေ့ဆုံခြင်းဟာ ပျော်ရွှင်စရာလို့ ဆိုစမှတ်ပြုကြတယ်။ ဒီလိုပဲဖြစ်လာချင်ပါတယ် သူငယ်ချင်း . . .။ ဒါကတော့ ငါ့ဆုတောင်းလေ . . . "

ဤကဲ့သို့ ဆုတောင်းညည်းသံ . . .။

ငြိမ်းမောင် ဘာဆိုလိုသည်ကို ကျွန်တော် သဘောမပေါက်၊ သူ့စာကိုဖတ်ပြီး ရယ်ရမလို၊ ငိုရမလိုတော့ဖြစ်မိသည်။ သဘောမပေါက်သဖြင့် သူ့ထံစာရေးလျှင် ပဟေဠိကို အဖြေတောင်းမိသည်။ အဖြေအစား ခက်ဆစ်အမေးလွှာသဖွယ် စာများ ထပ်လာသည်။ ကြာသော် ငြိမ်းမောင်၏ စာများကို ကျွန်တော် အလေးအနက်မပြုတော့ . . .။

စစ်ပြီးခေတ်၏ ဖောင်းပွသော စာပေနယ်ပယ်မှ ပြောပြလိုချက်ထက် ဝေါဟာရအသစ်အဆန်း နောက်မြီးကို ခိုလိုက်နေသော စာရေးဆရာအမည်ခံဝါကျ ခေတ်ပျက်သူငွေးတို့အား အတုယူ လက်တည့်စမ်းရေးနေသည်ဟုသာ မှတ်ယူမိသည်။

ကျွန်တော်ကမူ စာကိုသာ ဆက်လက်ကြိုးစားသည်။ ပေါင်းလောင်းမြစ်ဘေးမှ ကိုကို၏ စကားများကို သတိရတိုင်း၊ ခါးကိုင်း၍ ဆံဖြူနေသော ဖေဖေ့ကို မြင်တိုင်း ရည်ရွယ်ချက်သည် ခိုင်မာပြတ်သားလာ၍ စာကိုသာ အပြင်းအထန်ကြည့်မိသည်။ ရန်ကုန်မြေကိုလည်း စာမေးပွဲအောင်မှ ခြေချမည်ဟု သန္နိဋ္ဌာန်ချမိသည်။

စာမေးပွဲဖြေပြီး နွေ၌ စစ်ကိုင်းတွင်ပင် ဆက်နေသည်။ စာမေးပွဲအောင်မည်ဟု ကိုယ့်ကိုယ်ကို ယုံကြည်သည်။ စာမေးပွဲ အောင်ပြီးလျှင် ဖေဖေ၊ မေမေတို့နှင့် တစ်ချိခွဲရလေဦးမည်။ ဖေဖေ၊ မေမေတို့ဘဝမှာ နှစ်ဦးတည်းသာရှိသော သားတို့နှင့် မကြာခဏ ခွဲခွာရသဖြင့် တတ်နိုင်သမျှ အတူနေမည်ဟု စိတ်ပိုင်းဖြတ်ခဲ့သည်။

ကျွန်တော် ယုံကြည်သည့်အတိုင်းပင် စာမေးပွဲအောင်ခဲ့သည်။ ဖေဖေက ဖေဖေ့မိတ်ဆွေ တက္ကသိုလ်မော်ကွန်းထိန်းအရာရှိထံမှတစ်ဆင့် ကျွန်တော့်အတွက် ကျောင်းဝင်ခွင့်နှင့် ကျောင်းဆောင်ဝင်ခွင့်ကို ကြိုတင်လျှောက်ထားသည်။ ကိစ္စအားလုံး ပြီးပြတ်သေချာမှ ကျွန်တော် ရန်ကုန်ဆင်းရသည်။

မန္တလေးဘူတာကြီးသို့ တစ်အိမ်သားလုံး လိုက်ပို့သည်။

လူအလစ်တွင် ဒေါ်စာဥကြီးက ကျွန်တော့်နား တိုးတိုးကပ်၍ မှာသည်။

" မောင် . . . ရန်ကုန်ရောက်ရင် ခိုင်တို့ဆီ အရင်သွားနော် "

" အင်းပါ . . . ဒေါ်လေးရ . . . "

" အင်း . . . ဒေါ်လေးလည်း အသိသားပဲ။ ခိုင့်ကိုပြောလိုက်၊ ဒေါ်လေးက အမြဲသတိရပါတယ်လို့ . . .

ဒါထက် မောင် . . . ခု ခိုင်က အပျိုဖားဖားကြီးဖြစ်ပြီး သိပ်ချောနေမှာပဲ . . .။ ဒေါ်လေး တစ်ခါက ပြောတာ မှတ်မိသေးလား။ ဟို . . . ဘာတဲ့ "

" ခိုင်လုံးရယ် . . . မွှေး . . . ဟုတ်လား . . . ဒေါ်လေး " " အံမယ်၊ ဟုတ်တယ်၊ မောင်က မမေ့သေးဘူး "

ဒေါ်လေးက လေဆက်ရှည်ချင်သည်။ သို့ရာတွင် ဖေဖေက အနီးသို့ ကပ်လာ၏။ ရထားမထွက်မီ ဖေဖေက လေးနက်စွာ မှာကြားသည်။

" သားတို့နဲ့ ခွဲခွာရတဲ့အခါတိုင်း ဖေဖေ စိတ်မချမ်းသာဘူး မဟုတ်တောင် ဝမ်းမသာခဲ့ဘူး၊ ဒီအကြိမ်တော့ ဝမ်းသာတယ် မောင် . . . "

ဖေဖေ၏ မျက်နှာမှာ တည်ကြည်လျက် ရွှင်ပျတောက်လျှမ်းနေသည်။

" ဖေဖေ့သားတွေကို ဖေဖေ့အရိုက်အရာ ဆက်ခံဖို့ ဖေဖေ မျှော်မှန်းခဲ့တယ်။ မောင့်ကိုကိုကတော့ သူ့တိုင်းပြည်ကို ချစ်လို့တစ်ပိုင်းတစ်စ ပညာပြတ်ခဲ့တယ်။ အေးလေ . . . စကတည်းက . . . ဆရာဝန်ဘက်မလိုက်ခဲ့ပါဘူး။ သားကိုတော့ ဖေဖေ အားကိုးတယ် . . . "

မေမေက မျက်ရည်ဝဲ၍ ပြုံးကြည့်နေသည်။ မေမေသည် ဖေဖေ့စကားကို ပြုံး၍ ထောက်ခံမြဲဖြစ်သည်။

ဖေဖေ၏ နောက်ဆုံးစကားသည် ကျွန်တော့်နားမှ မထွက်။

" မောင်ကတော့ ဖေဖေ့ခြေရာကို နင်းတော့မယ်ဆိုလို့ ဖေဖေသိပ်ဝမ်းသာတယ်။ တစ်ခုတော့ မှာမယ်၊ ကိုကိုကတော့ တိုင်းပြည်အရေးကြောင့်ဆို . . . ဆင်ခြေပေးထားခဲ့တယ်။ မောင့်ဆီကတော့ ဘာဆင်ခြေမှ ဖေဖေအလိုမရှိဘူး . . .။ မောင် ဆရာဝန်ဖြစ်ရုံမကဘူး၊ အက်(ဖ်)အာ(ရ်)စီအက်(စ်)ဘွဲ့ရပြီးမှ ဖေဖေ သေမယ် "

**(၂၀) တစ်နေ့တော့ မောင်ပြန်လာသည်**

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ် ပင်းယကျောင်းဆောင်အလယ်ထပ်၌ အခန်းရသည်။

အခန်းကို ပြင်ဆင်ပြီး ရေမိုးချိုး၊ အဝတ်အစားလဲသည်။ ကျောင်းဆောင်၌ ထမင်းမကျွေးသေး။

ညနေစောင်းလည်း ဖြစ်သဖြင့် ခိုင်တို့ရှိရာ ပုသိမ်လမ်းသို့ ထွက်လာခဲ့သည်။

မိုးဦးကျပြီးစ ဖြစ်သည်။ တိမ်တောက်သဖြင့် ညနေမှာ ရောင်ဝါထွန်းလျှံ၍ မြေသင်းနံ့များလည်း ပျံ့ပျံ့ပျူးနေသည်။ မိုးရေဆေးကြောထားသဖြင့် သစ်ပင်၊ သစ်ရွက်၊ အိမ်ခေါင်မိုးတို့မှာ သန့်စင်မြူကင်းနေ၏။

ငယ်စဉ်က ရှူရှိုက်ခဲ့ရသော အောက်မြန်မာပြည်၏ မိုးရနံ့တို့ ကျွန်တော့်နှာခေါင်းဝတွင် တိုးဝင်ကြိုင်သင်းနေသည်။

အဟောင်းတို့ အသစ်ဖြစ်လျက် . . .၊ အသစ်ဟူသည် တိုင်းလည်း လန်းဆန်းဝင်းပနေသည်။

ကျွန်တော့်အတွက်လည်း ဘဝမှာ ပြန်လည်ဖွားမြောက်လာလေသည်ကဲ့သို့ အားပြည့်လတ်ဆတ်နေသည်။

ပုသိမ်လမ်းတွင်းသို့ ရောက်လာသောအခါ ကျွန်တော်က ခိုင်တို့အိမ်ကို လိုက်ရှာသည်။ ဂျပန်ခေတ်တုန်းက တစ်ခေါက်သာ ရောက်ဖူး၍ ယခုအခါ တိုက်အဖြစ် ပြင်ဆောက်ထားသည်ဆိုရာ မှတ်မိရန်ကမလွယ်ပါ။ ပုသိမ်လမ်းတစ်ခုလုံး၌ စစ်ပြီးခေတ်တွင် အိမ်သစ်၊ အိမ်ကောင်းများလည်း အထူးတိုးနေသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)၊ တံတားအထူးအဖွဲ့(၈)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း တာဝန်ယူဆောင်ရွက်မည့် ရခိုင်ပြည်နယ်ရှိ အောက်ဖော်ပြပါတံတားများတွင် အသုံးပြုရန်လိုအပ်သော ဘိလပ်မြေ၊ တောသစ်၊ ကျောက်၊ သဲ အစရှိသည့် တည်ဆောက်ရေးပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ ဇော်မတက်တံတား
ပန်းဇင်းချောင်းတံတား
တရောင်းချောင်းတံတား

၃။ တင်ဒါစတင်ရောင်းချမည့်ရက် - ၁၁-၅-၂၀၁၅ရက်မှ ၂၃-၅-၂၀၁၅ရက်အထိ နေ့စဉ် ၉း၃၀AM မှ ၄း၀၀PMအတွင်း
တင်ဒါဖွင့်မည့်နေရာ - စီမံကိန်းရုံး၊ ကြပ်စင်တံတား၊ မင်းပြားမြို့နယ်
တင်ဒါဖွင့်မည့်ရက် - ၂၆-၅-၂၀၁၅ရက်၊ ညနေ ၃း၀၀နာရီ

၄။ တင်ဒါလျှောက်လွှာနှင့်စည်းကမ်းချက်များကို
(က) ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကြပ်စင်တံတား၊ မင်းပြားမြို့နယ်တွင် ၁၁-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တံတားအထူးအဖွဲ့(၈)၊ တင်ဒါခေါ်ယူရေး လုပ်ငန်းကော်မတီသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၉-၄၀၂၆၇၅၈၅၃၊ ၀၉-၂၅၂၄၇၅၂၃၉၊ ၀၉-၄၀၂၆၉၅၃၇၅၊ ၀၉-၄၂၈၁၉၄၀၇၂



## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ-၁၄/၃ရပ်ကွက်၊ ချယ်ရီဥယျာဉ်လမ်း၊ အမှတ်(၁၅၁/၂)နေ မဖြူစင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အင်ပူလမ်း၊ အမှတ်(၄၀)၊ မြေအကျယ်ပေ(၂၅×၄၅)မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်၊ ယင်းတိုက်၏ ခေါင်းရင်းခြမ်း၊ ပထမထပ်၊ မြေညီထပ်နှင့် အိမ်တွင်းအဖိုးတန်ပစ္စည်းများ၊ အိမ်တွင်းပစ္စည်းများ အားလုံးကို ဒေါ်ခင်ခင်မိုး၊ ဒေါ်ခင်လှမြင့်နှင့် ဦးမောင်မောင်တို့ (၃)ဦးအမည်ဖြင့် ပိုင်ဆိုင်ကြပြီး ယခုအခါ ၎င်းတို့(၃)ဦး လူပျိုကြီး၊ အပျိုကြီးဘဝဖြင့် ကွယ်လွန်သွားကြပြီးဖြစ်၍ အထက်ပါ ရွှေ့ပြောင်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလုံးကို ၎င်းတို့၏မြေးတော်စပ်ပြီး တရားဝင်ကိတ္တိမမွေးစားသမီးဖြစ်သူ မဖြူစင်မိုးမှ အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ကြောင်းနှင့် အထက်ဖော်ပြပါ ပစ္စည်းများအား မဖြူစင်မိုး၏သဘောတူခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်း မပြုလုပ်ရန် ကန့်ကွက်တားမြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မဖြူစင်မိုး၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးခိုင် **LL.B, DBL, DIL, DML**
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၁၂)
အမှတ်(၃၆၀)၊ အနန္တဂုဏ်ရည်လမ်း၊ (၆၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်








## ကုမ္ပဏီနှင့်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းကြေညာခြင်း

ကျွန်ုပ်တို့ HAO KANG SERVICES CO.,LTD နှင့် အောက်ပါနိုင်ငံခြားသားနှစ်ဦးဖြစ်သော Mr.Wanchana (No.111/61 Nuanchan Ramintra40 Klongkum Bueng Kum Bangkok 10230)နှင့် Mr.Kang Hou (No.111/60 Nuanchan Ramintra40 Bueng Kum Bangkok 10230)တို့သည် မည်သို့မျှ ပတ်သက် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**HAO KANG SERVICES CO.,LTD** ၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ချယ်ရီသက်မွန်(အထက်တန်းရှေ့နေ) (စဉ်-၃၆၃၂၃)၊
အမှတ်(**G-20**)၊ သီရိမွန်ပလာဇာ၊ ဘုရင့်နောင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
**Ph: 09-261635959**



## ဝန်ထမ်းအလိုရှိသည်၊

**1. Mechanical Engineer (3)Posts - M/F**

- B.E/M.E (Mechanical) ဘွဲ့ရရှိရမည်။
- အင်္ဂလိပ်စကားပြောနိုင်၊ ရေးနိုင်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိရမည်။ လစာကောင်းကောင်းပေးမည်။
- ကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ လာရောက်လျှောက်ထားနိုင်ပါသည်။
- ဖုန်း ၀၁-၃၇၇၈၉၃

# ပုဂံဒေသသာယာလှပစေရေး သန့်ရှင်းရေးဆောင်ရွက်



**ညောင်ဦး မေ ၁၂**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံမြို့သစ်ရှိ မကျီးကန်ဘုရားကျောက်စာနှင့် မကျီးကန်ဘုရားစု ပတ်ဝန်းကျင်အား မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေး၊ အဆိုပါဘုရားစုအား ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ရောက်လေ့လာနိုင်ရန်ရည်ရွယ်၍ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေးအသင်း (Bagan Heritage Trust) နှင့် ပုဂံဒေသချစ်မြတ်နိုးသည့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းကာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့များသည် ပေါင်းမြက်ရှင်းလင်းခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များရှင်းလင်းခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# မော်လမြိုင်ကျွန်းတွင် ချောင်းကူးတံတားဖွင့်

**မော်လမြိုင်ကျွန်း မေ ၁၂**

မော်လမြိုင်ကျွန်းမြို့နယ် ငွေးကုန်းကျေးရွာအုပ်စု သမန်းချောင်းကျေးရွာတွင် ဆက်သွယ်ရေးချောင်းကူးတံတား လေးစင်းတစ်ပြိုင်တည်း ဖွင့်ပွဲများကို မေလဒုတိယပတ်အတွင်းက ချောင်းကူးတံတားဖွင့်ပွဲများ ကျင်းပခဲ့ကြသည်။

ဖွင့်ပွဲတွင် ကျပ် ၁၂ သိန်းခွဲတန် အောင်ဇေယျချောင်းကူးတံတားအား အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးခွေးပုမိသားစုနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်တို့ကလည်းကောင်း၊ ကျပ် ၁၄ သိန်းခွဲတန် မင်္ဂလာသိဒ္ဓိ ချောင်းကူးတံတားကို အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ စိန်ဟသာမုန့်ဆိုင်ပိုင်ရှင် ဦးညွန့်ရှင်မိသားစုနှင့် တံတားတည်ဆောက်ရေးကော်မတီဝင် ဦးစိန်မောက်တို့ကလည်းကောင်း၊ ကျပ် ၂၇ သိန်းတန် မေတ္တာပေါင်းကူး ချောင်းကူးတံတားကို အလှူရှင် မော်လမြိုင်ကျွန်းမြို့နေ ဦးအောင်မြင့် မိသားစုတို့ကလည်းကောင်း၊ ကျပ်ကိုးသိန်းကျော်တန်သာသနာ့တံခွန် ချောင်းကူးတံတားကို မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တအဂ္ဂဝံသကလည်းကောင်း ဖွင့်လှစ်ပေးကြသည်။

အဆိုပါ သမန်းချောင်းကျေးရွာ ချောင်းကူးတံတားလေးစင်း တည်ဆောက်ဖွင့်လှစ်နိုင်ရေးအတွက် မော်လမြိုင်ကျွန်းမြို့မှ မတည်အလှူရှင်များနှင့် သမန်းချောင်းကျေးရွာသူ ကျေးရွာသားများ စုပေါင်းလှူဒါန်းခြင်းဖြစ်သည်။သမန်းချောင်း၊အစုကြီး၊ကညင်ချောင်းကြီး၊ ရွာသစ်၊ ငွေးကုန်းနှင့်ကညင်ချောင်းကလေး အပါအဝင်ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံပြည်သူများ ဆိုင်ကယ်၊ စက်ဘီးများဖြင့် တစ်ရွာမှ တစ်ရွာသို့ သွားလာဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားပြီဖြစ်သည်။

**မော်ကျွန်းမြင့်အောင်**

# ပဲခူးမြို့၌ ဘွဲ့တံဆိပ်တော်ရဆရာတော်အား ပူဇော်ပွဲကျင်းပ

**ပဲခူး မေ ၁၂**

ပဲခူးမြို့ ဘာဝနာပရိယတ္တိစာသင်တိုက်မှ အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ဘဒ္ဒန္တသောဘနာဘိဝံသ၏ ပူဇော်ပွဲ ဂုဏပူဇာသဘင်အခမ်းအနားကို မေ ၁၀ရက် မွန်းတည့် ၁၂ နာရီ ဗိုလ်ကုန်း(၁၈)ရပ်ကွက်၊ ဟင်္သာကုန်းဘုရားလမ်းရှိ အဆိုပါ စာသင်တိုက်၌ကျင်းပသည်။

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ ကုသ္ဆာသယပရိယတ္တိစာသင်တိုက်ဆရာတော်က အခမ်းအနားကို ဖွင့်လှစ်ပေးပြီး ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကညင်ချောင်း ကျောင်းသစ်ဆရာတော်မှ ငါးပါးသီလနှင့် ဩဝါဒချီးမြှင့်သည်။ ထို့နောက် ဘာဝနာပရိယတ္တိစာသင်တိုက် အကျိုးတော်ဆောင် ဦးစိုးမြင့်က ပူဇော်ပွဲနှင့်ပတ်သက်၍ တင်ပြလျှောက်ထားပြီး ဆရာတော် သံဃာတော်များထံအလှူရှင်များက လှူဖွယ်ပစ္စည်းများဆပ်ကပ်ကြကာ နိုင်ငံတော်ရွှေတံဆိပ်ခြောက်ခုရ တေးသံရှင် ဆုမြတ်ထက် က ရတုပိုဒ်စုံဖြင့်သီဆိုဖျော်ဖြေသည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ထောက်ရစ်ကျောင်းဆရာတော်က အနုမောဒနာ ဂါထာများဖြင့် ပူဇော်လျှောက်ထားကာ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သုစိတ္တာလင်္ကာရ ပရိယတ္တိစာသင်တိုက်ဆရာတော်က ဩဝါဒကထာ ချီးမြှင့်၍ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရဆရာတော်မှ ရေစက်ချတရား ဟောကြားခဲ့ကြောင်း သိရသည်။

**ကိုအောင်(ပဲခူး)**

# ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲကျင်းပ နိုင်ငံတော်၏ဆောင်ရွက်ချက်များရှင်းလင်း

**တောင်တွင်းကြီး မေ ၁၂**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် စစ်တားအုပ်စု ပိုးစခင်းကျေးရွာ ဘုန်းတော်ကြီးကျောင်းဝိုင်းအတွင်း၌ မေ ၉ ရက် မွန်းလွဲ ၂ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ တွေ့ဆုံပွဲကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းသိရသည်။

ယင်းနောက် ဒေသခံပြည်သူများက စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ ဆည်ရေသောက်မြောင်းများပြုပြင်တူးဖော်ပေးရေးနှင့် မြေအောက်ရေများတူးဖော်ပေးရေး၊ စာသင်ကျောင်းဆောင်ဆောက်လုပ်ပေးရေး တင်ပြရာ ဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာသို့ တင်ပြပေးမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားခဲ့သည်။

ဘုန်းတော်ကြီးကျောင်းဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကာ ဒုတိယဝန်ကြီး ဦးခင်ဇော်က အလှူငွေကျပ် ၄၂၀၀၀၀ ကို ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်ဝင်း**

# နိုင်ငံသားစိစစ်ရေးကတ်များ နေ့ချင်းပြီး ထုတ်ပေး

**ရွှေတောင် မေ ၁၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးတောကျေးရွာအုပ်စု ဝါးတောကျေးရွာအ. မ. က တွင်မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားအရည်အချင်းပြည့်မီသူအသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်ပြည့်ပြီးသူ ၁၁၁ ဦးတို့အားနိုင်ငံသားစိစစ်ရေးကတ်များထုတ်ပေးခဲ့ကြောင်း သိရသည်။

မေဒုတိယအပတ်တွင်းက တွဲဘက်တိုင်းဒေသကြီးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်ဦးစီးဌာနမှူး ဦးစိုးဝင်းနှင့်ဝန်ထမ်းများသည် အခမဲ့နေ့ချင်းပြီးနိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

**ရဲထွဋ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ခု ဘဏ္ဍာရေးနှစ်(တိုင်းဒေသကြီးရန်ပုံငွေ)ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြေကြီးလုပ်ငန်းနှင့် ကန့်ကားခင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနတွင် ရယူ၍ အောက်ပါအစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူရမည့်ရက် - ၁၁-၅-၂၀၁၅ ရက်မှ ၇-၆-၂၀၁၅ရက်အထိ

(ခ) တင်ဒါနောက်ဆုံးတင်သွင်းရမည့် ရက်နှင့်အချိန် - ၇-၆-၂၀၁၅ရက် ၁၆း၃၀ နာရီ

၂။ သတ်မှတ်ရက်အချိန်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့။

ဖုန်း ၀၂-၇၈၆၅၄၊ ၇၈၆၅၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

## အမျိုးသမီး အရောင်းဝန်ထမ်း အလိုရှိသည်

နယ်ဘက်သွားနိုင်သောသူများကို ရန်ကုန်နှင့် နယ်ဘက်များတွင် အဆောင်စီစဉ်ပေးမည်။

နယ်ဘက်မှ အလုပ်လာလုပ်လိုသူများလည်း ရန်ကုန်အပြင် နယ်ဘက်များပါ သွားနိုင်ပါက အဆောင်စီစဉ်ပေးမည်။

မှတ်ချက်။ ။ဆိုင်ခန်းတွင်သာ ခန့်ထားရန်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၇၂၃၄၀၊ ၀၉-၅၁၉၅၇၂၁(ရုံးအချိန်အတွင်းသာ)

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်မျိုးသန့်[၁/မကန(ဧည့်)၀၀၁၆၈၂]၏ နိုင်ငံကူးလက်မှတ်(နံပါတ်မသိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၆၆၈၁၂

**သန်းဌေးနှင့်ရောင်းရင်းများ ၏ နှစ်သစ်ခရီးစဉ်များ**

MAY - 15/22/29, JUN - 5/12/19/26 ကျိုက်ထီးရိုး၊ ချောင်းသာ (နေ့စဉ်)

▲ ပုဂံ၊ ပုပ္ပား (စွယ်တော် ၄ ဆူ)၊ ပခုက္ကူ (၄) ရက်။ ▲ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ (၅) ရက်။

▲ တောင်ကြီး၊ အင်းလေး၊ ထမ်းစမ်း (၄) ရက်။ ▲ မော်လမြိုင်၊ ကျိုက်မီ၊ ထားဝယ်ရှင်ကိုးရှင် (၆) ရက်။

▲ သရေခေတ္တရာ၊ ဗိဿနိုး၊ ပင်းမြို့ဟောင်း၊ သံတောင်ကြီးမြို့၊ နေပြည်တော် (လွှတ်တော်လေ့လာခြင်း) (၃) ရက်။

▲ ရွှေဘို၊ ဟန်လင်းကြီး (ပျူမြို့ဟောင်း)၊ စစ်ကိုင်း၊ မင်းကွန်း၊ အင်းဝ၊ မန္တလေး၊ နေပြည်တော် (၃) ရက်။

▲ ကျိုက်မီ၊ စက်စဲ၊ ဘားအံ့ဂူ (၅) ဂူ၊ မဲလံဆဲတော်ရှင်ဖူး (၂) ရက်။ ▲ ဘားအံ့ဂူ (၅) ဂူ၊ ရွှေရင်မျှော်၊ ကျောက်ကလပ်၊ အင်ကြင်းတစ်ထောင်ဖူး ထမင်းကျွေး (နေ့ချင်းပြန်)။ ▲ ပြည်၊ အကောက်တောင်၊ နဂါးရုပ်တောင်ဆရာတော်ဖူး။ ▲ (လွှန်)၊ (မဲလံဆဲတော်ရှင်၊ ကျောက်ပီရဟန္တာဖူး)(နေ့ချင်းပြန်) စနေ/တနင်္ဂနွေ

▲ ဥပ္ပါတသန္တိစေတီ၊ သတ္တသတ္တာဟမဟာပေါဓိစေတီတော်၊ ဆာဟာရီဥယျာဉ်၊ ရေပန်းဥယျာဉ်၊ လွှတ်တော်ဝင်ရောက်လေ့လာခြင်း (နေ့ချင်းပြန်) ကြိုတင်လက်မှတ်ရောင်းပြီ။

ပင်ရုံး (၄၂၄)၊ ရွှေဘုံသာလမ်းအထက်။ Ph : 380141, 241863, 09 43043109, 09 73251422

MSS ရည်မှန်းချက်ကြီးမားသူတို့၏ အောင်မြေ

ဒေါ်တင်မိုးဇေ World Gold Medallist


L.C.C.I-I & II, III, Auto Count, MYOB

စာရင်းကိုင်နှင့်ကွန်ပျူတာစာရင်းကိုင်သင်တန်းများ

တနင်္ဂနွေ(၁)ရက်တက်၊ စနေ တနင်္ဂနွေ(၂)ရက်တက်သင်တန်းများ

Ph- 09 50 88 264, 09 541 0909

ကျန်းမာရေးသိပ္ပံစီမံခန့်ခွဲမှု၊ ဇီဝနည်းပညာ ဘာသာရပ်များကို တက်ရောက်လိုသူများအတွက်




M.Sc in Health Sciences (Management)

M.Sc in Biotechnology

B.Sc (Hons) in Biotechnology

ရန်ကုန် ပညာရေးဆွေးနွေးပွဲ

နေ့ရက် ။ ၁၆.၅.၂၀၁၅ (စနေနေ့)

အချိန် ။ မွန်းလွဲ (၂) နာရီမှ (၄) နာရီ

နေရာ ။ ပင်းယခန်းမ ဆူးလေ-ရှန်ဂရီလာဟိုတယ်၊

MDIS founded 1956 Management Development Institute of Singapore

- Guest Speaker - Dr. Katie Avery, Lecturer MDIS' School of Life Sciences

မန္တလေး ပညာရေးဆွေးနွေးပွဲ

နေ့ရက် ။ ၁၇.၅.၂၀၁၅ (တနင်္ဂနွေနေ့)

အချိန် ။ မွန်းလွဲ (၁) နာရီမှ (၄) နာရီ

နေရာ ။ စံပယ်ဖြူခန်းမ ဟိုတယ်မန္တလေး။

AT&S

# “ လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ”

၂၀၁၅ခုနှစ်၊ မေလ (၉)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အထူးဘွဲ့နှင်းသဘင်အခမ်းအနား တစ်ရပ်ကျင်းပခဲ့ပြီး **“အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်”အား ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ဂုဏ်ထူးဆောင် စာပေ ပါရဂူဘွဲ့ Doctor of Letters (Honoris Causa)**ကိုချီးမြှင့်ခံရခြင်းအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းများ၏ ဥက္ကဋ္ဌကြီးများ/ ဒါရိုက်တာအဖွဲ့ဝင်များ/ အမှုဆောင်အဖွဲ့ဝင်များတို့အနေဖြင့် လှိုက်လှဲစွာအထူးဂုဏ်ယူ ဝမ်းမြောက်လျက် ရှိနေကြပါကြောင်းနှင့် သံအမတ်ကြီးအနေဖြင့် နိုင်ငံအကျိုးကို ယခုထက် ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

- မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်
- မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း
- မြန်မာနိုင်ငံမဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးအဖွဲ့
- မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်း
- အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီများအုပ်စု
- မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်များအသင်း
- ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့
- တော်ဝင်မိသားစုကုမ္ပဏီလီမိတက်
- လှကမ္ဘာ ကုမ္ပဏီလီမိတက်
- မြတ်မွန်ရတနာ အဆင့်မြင့်ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်း
- Gulf Group of Companies
- Global Sea Trader Limited
- Noble Yangon Construction Company Ltd.
- Asia Win Aviation Pte Ltd. (Singapore)
- Asia Winner Industrial Co., Ltd.
- Pink Khine Zin Co., Ltd.
- Co-Operative Bank Ltd (CB Bank)
- Supring Group Co., Ltd.
- Asia Pacific Consultancy Co., Ltd.
- Stell King Co., Ltd
- Ni Lay Naing Co., Ltd
- မုဒိတာချိုအေး ပညာရေးဝန်ဆောင်မှုကုမ္ပဏီ လီမိတက်
- သီရိမွန်ဖောင်ဒေးရှင်း
- တော်ဝင်မြတ်မွန်ရတနာ ကုမ္ပဏီလီမိတက်

VAC® VALUE ADDED CONSULTANCY
မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း
Like Value Added Consultancy

Job Openings for Foreign Firms

| | | |
|---|---|---|
| **Sales Manager** (Vietnam Co) - Any Grad, 7yrs Exp in Sales Management Field & Home Appliances, Electronics is preferable; | USD 3000 | M/F(1) |
| **Logistics Manager** (Telecom) - Any Grad, Strong Exp in Logistics & Warehouse Management Field; | USD 2000 | M/F(1) |
| **Treasury Asst Manager** - B.Com / ACCA II, 3yrs Exp in Relevant Field (Preferable in Banking); | USD 1200 | M/F(1) |
| **Project Manager** (Japan Co) - Any Grad, Exp in Project Management Field ( ASP.Net, C#, JavaScript, Jquery Framework ); | USD 1000 | M/F(1) |
| **Secretary to CEO / BOD /GM** - Any Grad, Exp in Secretarial Field (Preferable in English / Japanese / Chinese Language); | | M/F(8) |
| **QA Manager** (Germany) - Dip in Food-Tech / B.Sc (IC), 5yrs Exp Relevant Field; | | M/F(2) |
| **Public Relation Manager** (Korean) - Any Grad, Exp in Relevant Field; | | M/F(2) |
| **Security Manager** - Any Grad, 5 yrs Exp in Relevant Field; Fluent in English; | | M(1) |
| **Sr. Sales Executive** (England Co) - Any Grad, 3 yrs Exp in Real Estate / Hotel Field; | | M/F(1) |
| **Sales Executive** - Any Grad, 3 yrs Exp in Construction Material Sales Field; | | F(1) |
| **Receptionist** (Japan / Banking) -Any Grad, Exp in Relevant Field; | USD 300 | M/F(2) |
| **Regulatory Assistant** - Any Grad, 2 yrs Exp in Relevant Field; | | F(2) |
| **Marketing Staff** (Medical) -Any Grad, No Need Experience; Fluent in English; | | M/F(3) |
| **Legal Staff** (Vietnam) - Any Grad / LLB, 2 yrs Exp in Relevant Field; | | F(1) |
| **Office Staff** (Vietnam) - Any Grad, No Need Experience; | USD 250 | F(2) |
| **English Trainer** - Any Grad, 3 yrs Exp in English Teaching Field; | | M/F(5) |
| **Chinese Translator** - Any Grad, 2 yrs Exp in Relevant Field; | | M/F(3) |
| **English - Japanese Translator** (Japan / Loikaw) | USD 800 | M/F(1) |
| **Driver** (Vietnam Co) | USD 300 | M(1) |

E-mail ဖြင့် အလုပ်လျှောက်နိုင်သည် ။ CVကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။
များပြားသော အလုပ်အကိုင်အခွင့်အလမ်းများ ⇒ www.vacjobsearch.com
No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094



ရွှေပြည်ဟိန်း ကုသိုလ်ဖြစ် ဆေးရုံ မေလ၊ ၂၃-၂၄၊ (၄၇)ကြိမ်မြောက် မျက်စိခွဲစိတ်ကုသမည့် အလင်းဒါနပါဝင်လှူဒါန်းနိုင်

ဧပြီလ (၂၅)ရက် (၄၆)ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ(၅၉၀၀)ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ မေလ (၂၃၊ ၂၄)ရက်တွင် ၄၇-ကြိမ်မြောက် မျက်စိခွဲစိတ် အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင်(၁)ဦးအတွက် ခွဲစိတ်ခြင်း အလှူတော်ငွေ ၄၀၀၀၀ိ/-ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

လှူဒါန်းရန်ဌာန - ဆိတ်ရှ ရွှေပြည်ဟိန်း ကျန်းမာရေးဆေးရုံ၊ ရွှေပြည်ဟိန်းကျောင်း ဖြည့်သာယာ၊ ရန်ကင်း၊ (ILBC၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း- ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၆
ရွှေပုံတိုက်ကမ္ဘောဇဘဏ် အငွေစာရင်းနံပါတ် (AccountNo.00750100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။


# လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၈၀ဇ

ရန်ကုန်စီးပွားရေးတက္ကသိုလ်အထူးတွဲနှင်းသဘင်အခမ်းအနားတွင်
ချီးမြှင့်ခဲ့သော ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့
Doctor of Letters (Honoris Causa)
ကို ချီးမြှင့်ခံရသည့်အတွက်
ရောဝတီဘဏ်လီမိတက်၏ Non-Executive Director
ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက် အား
ရောဝတီဘဏ်လီမိတက် မိသားစုမှ
များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း......



ရောဝတီဘဏ်လီမိတက် ဥက္ကဋ္ဌ နှင့်
ဒါရိုက်တာ အဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစု

ရောဝတီဘဏ်
AYA Bank



"ကမ္ဘာကျော်တက္ကသိုလ်ကြီးများ၏ ဘာသာရပ်များအား လက်တွေ့သွားရောက်သင်ယူမည့် (၁၁)ရက်ကြာ

DEGREE EXPERIENCE PROGRAM
စင်ကာပူလေ့လာရေးခရီး"

ကျောင်းသားဦးရေကန့်သတ်ထားပါသဖြင့်
May 18 နောက်ဆုံးထားပြီး
စာရင်းပေးသွင်းပေးပါရန်

- (၁၁)ရက်ကြာမြင့်မည့် ကျောင်းသားကျောင်းသူများအတွက် ယူကေတက္ကသိုလ်များ၏ ဘာသာရပ်များကို လေ့လာသင်ယူခွင့်
- စင်ကာပူ Kaplan ၏ ပါတနာ ယူကေတက္ကသိုလ်များနှင့် နိုင်ငံတကာမှ အသိအမှတ်ပြုလက်မှတ်ရရှိမည့် သင်ကြားရေးအစီအစဉ်
- Universal Studio Singapore, Trick Eye Museum, Madam Taussqe (ဖယောင်းရုပ်တု)၊ Adventure Cove Water Park, Santosa Island, Marina Bay Sands, National Library စသည့်နေရာများသို့ သွားရောက်လေ့လာခြင်း
- စင်ကာပူအမျိုးသားတက္ကသိုလ် National University of Singapore သို့ သွားရောက်လေ့လာခွင့်



Register Now : 01 527 838 / 09 732 56 965 / 09 730 40 688

Organized by
CROWN EDUCATION
KAPLAN HIGHER EDUCATION ACADEMY

S$ 100 ဈေးဝယ်ခွင့်ကတ်ပြားနှင့် Singapore Simcards များ အခမဲ့ ပေးပါမည်။ (ကျောင်းသားဦးရေအကန့်အသတ်ဖြင့်သာ)



**ထပ်လုံးချင်းငှားမည်**

ဘဏ်၊ ဟိုတယ်ဖွင့်ရန် လမ်းမတန်း နေရာကောင်း၊ ရန်ကုန်-အင်းစိန် လမ်းမပေါ်တွင် တည်ရှိပါသည်။ လိုင်မြို့နယ်။

**Ph: 09-5164370, 09-795552948, 09-43084226, 09-2305002**



**LANDCRUISER** iml;&e&on/



**Pearl White VX Limited (4W) 2000 mdl (2007)** ½y **Gesoline 80000 Km, Grade-4**

rwi;(15)oe; r yi(20)oe;

**2J/-----Without Driver** pay(1)vpm

**09 252541155, 09 30735773**



ဝင်ကြေးအခမဲ့
Entrance Free

Hotel Novotel Yangon Max

"ဂျပန် ပစ္စည်းတွေကို သုံးစွဲ ပြီး အလှဆုံးဖြစ်ပိုဖို့ရည်ရွယ်တယ်!!"

Wanna Be All-Time Gorgeous Woman
Wanna Experience Japanese Technology

မြန်မာအမျိုးသမီးအားလုံးကိုကြိုဆိုပါသည်။
Every Myanmar Girls are Welcome!

Gorgeous Japan 2015

5/15 Fri 12:00~ (Open 11:30-
5/16 Sat 10:00~ (Open 9:30-

www.facebook.com/GorgeousJapan

အလှကုန်နမူနာလက်ခံရရှိသည်။

အထူး Stage
- Miwonderful's magical make-up show
- 2015YumiKatsuraSummerCollection in Myanmar
- Dance unit PrizmaX Shwe stage 2015

ထောက်ရောက်ခြင်း
CANMAKE / Panasonic / KOSE CORPORATION
Kracie Holdings / Mandom Corporation
etc


POLO CLUB (ASIA)
RESIDENCE
Proudly presents
Luxury Shopping Party By
RD
ROSE DIAMOND
You can Fly with Your Wings
Your Beautiful Life...
Date (16th & 17th May 2015) | Time (10:00 am - 06:00 pm)
Address: No. 51/A, Corner of East Race Course Road and
Laydaungkan Road, Tamwe Township, Yangon.
Hotlines: 09-795889588,09-796889688,09-797889788
www.poloclubasia.com

# မြန်မာ - ကိုရီးယား နှစ်နိုင်ငံ သံတမန် ချစ်ကြည်ရေး နှစ် (၄၀) ပြည့်

## Samsung Myanmar ၏ ဂုဏ်ပြုအစီအစဉ်

## ဝယ်ယူသူများအတွက် အထူးလက်ဆောင်

SAMSUNG
**Galaxy S6**





Original Clear View Cover

+



Power Bank

SAMSUNG
**Galaxy S6 edge**





Power Bank

**သတ်မှတ်ကာလ - ၁၀ မေလ မှ ၇ ဇွန်လ ၂၀၁၅ အတွင်း ဝယ်ယူသူများသာ**

သတ်မှတ်ကာလအတွင်း ဝယ်ယူသူများသည် လက်ဆောင်ရယူနိုင်ရန်အတွက် Hot Line - 09970498724 နှင့် 09970498725 သို့ ဆက်သွယ်၍ မိမိတို့၏ အမည်၊ မှတ်ပုံတင်နံပါတ်၊ ဝယ်ယူခဲ့သည့်ဆိုင်၊ ဝယ်ယူခဲ့သည့်နေ့၊ IMEI နံပါတ်၊ ဆက်သွယ်ရန်လိပ်စာ နှင့် ဖုန်း တို့ကို မနက် ၉ နာရီမှ ညနေ ၆ နာရီ (ရုံးပိတ်ရက်များမှအပ) ဆက်သွယ်အကြောင်းကြားပေးရပါမည်။ Samsung Myanmar မှ တိုက်ဆိုင်စစ်ဆေး၍ လက်ဆောင်များအား (၇) ရက်အတွင်း အိမ်တိုင်ရာအရောက် ပို့ဆောင်ပေးသွားပါမည်။
လက်ဆောင်ရရှိမည့် အမှတ်တံဆိပ်၊ ပုံစံ နှင့် အရောင် ကွဲလွဲမှု ရှိနိုင်ပါသည်၊ အရောင် ရွေးချယ်ခွင့် မရှိပါ။
Samsung Myanmar မှ သတ်မှတ်ထားသော စည်းကမ်းများအတိုင်းဖြစ်ပြီး Samsung Myanmar ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်သည်။

အမြို့မြို့ အနယ်နယ်ရှိ Samsung Brand Shop များနှင့် ကိုယ်စားလှယ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်

SAMSUNG

www.facebook.com/samsungmobile.myanmar
Samsung Customer Contact Centre 01-23 99 883 Mon-Sun : 8AM to 6PM

# စွယ်တော် စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်






■ ရန်ကုန်မြို့တော်၏ မြောက်ဘက် အဓိကဝင်ပေါက်၊ အမှတ်(၃) လမ်းမကြီးအနီး ၊အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သီရိရတနာ လက်လီလက်ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာတွင် တည်ရှိပြီး ရန်ကုန်စက်မှုဇုန် ၊ မင်္ဂလာဒုံစက်မှုဇုန် ၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ်တွင်တည်ရှိသည့် စီးပွားရေးအရ အချက်အချာကျသောနေရာ ဖြစ်သည်။



■ မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ မြေဧက (၃၀)ပေါ်တွင်တည်ဆောက်သွားမည့် စီမံကိန်း ဖြစ်ပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့် အချိုးကျ မြေပိုင်ဆိုင်မှု ရစေမည့် စုပေါင်းအိမ်ရာ ဖြစ်သည်။


■ ထိုင်းနိုင်ငံ G4 Architect မှ ရေးဆွဲသော ဗိသုကာဒီဇိုင်း၊ ခေတ်မီ Post -Tensioned စနစ်ဖြင့် 10" Concrete Slab ၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်မည့် (၈)ထပ် အဆင့်မြင့် ကွန်ဒိုမီနီယံဖြစ်ပြီးအဆောက်အအုံတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိပါမည်။



900 sq-ft for 2 Bedrooms
1300 sq-ft for 3 Bedrooms


■ အဆောက်အအုံတိုင်းတွင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire protection & Fire alarm system,Back up Generator systemများ ပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်းUnder ground cable များ ကိုသာအသုံးပြုသွားပါမည်။

■ ရေကူးကန်များ၊စားသောက်ဆိုင်၊ Fitness center ၊ SPA၊ Steam၊ Sauna၊ Jacuzzi၊ Convenience Store ပါဝင်သော Clubhouse တစ်ခုနှင့် ကလေးကစားကွင်း၊ လူ(၃၀၀)ခန့် စုဝေးနိုင်သော မြက်ခင်းပြင်/ခန်းမများ ပါဝင်ပါမည်။





■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန် ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့်လမ်းများနှင့်အဆောက်အအုံပတ်လည်တွင်သာယာလှပသောပန်းခြံ ဥယျာဉ်နှင့် ယာဉ်ရပ်နားရန် နေရာများ အလုံအလောက် ပါဝင်ပါသည်။





(တစ်)ပေပတ်လည်လျှင် ကျပ် ၇၅,၀၀၀ မှစ၍ ရောင်းချပေးနေပါသည်။

Early Register Now!

ဆက်သွယ်ရန်- ဂမုန်းပွင့်ကုမ္ပဏီလီမိတက်၊ အမှတ်(၂၄၅)၊ဗားကရာလမ်း၊ မြေနီကုန်း၊စမ်းချောင်း၊ရန်ကုန်မြို့။ ဖုန်း ၀၉-၇၉၇၃၃၂၂၁၁၊ ၀၉-၇၉၉၃၃၂၂၁၁၊ ၀၉-၇၉၇၂၂၁၁၃၃၊ ၀၉-၇၉၉၂၂၁၁၃၃

Hot Line No-0930500100




# ကိုးကန့်သောင်းကျန်းသူများ အခိုင်အမာခြေကုပ်ယူထားသော တောင်ကုန်းများအား တပ်မတော်က ပြန်လည်သိမ်းပိုက်ရရှိ

နေပြည်တော် မေ ၁၂

ကိုးကန့်သောင်းကျန်းသူများအခြေပြုခဲ့သည့် ရှင်ခုတ်ထန်ဒေသနှင့် စန်တအိုက်ရှန်ဒေသတို့အား တပ်မတော်ကထိုးစစ်ဆင် တိုက်ခိုက်ချေမှုန်းနိုင်ခဲ့သဖြင့် သောင်းကျန်းသူများသည် အင်အားများပြိုကွဲကာ ဆုတ်ခွာထွက်ပြေးခဲ့ပြီး နယ်မြေကျဉ်းမြောင်းလာသဖြင့် ၎င်းဒေသမှအင်အားများကို စုစည်းကာ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၁)မှ ဝင်ရောက်ပြီး မာလုရှွေကျေးရွာအရှေ့ဘက်ရှိ တောင်ကုန်းများတွင် အခိုင်အမာအခြေပြုခံစစ်ဆင်လာခဲ့သည်။ စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ❖

## မာတိကာ

နှစ်နိုင်ငံအကြား ဥပဒေရေးရာကိစ္စရပ်များ၌ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး စာမျက်နှာ - ၅

စာတတ်သူများ စာများများဖတ်ပါက ဗဟုသုတများ တိုးပွားပြီး ရှေ့ရေးကို ပို၍မြင်နိုင် ကြားနိုင် စာမျက်နှာ - ၈

နီပေါ၌ မြေငလျင်ထပ်မံလှုပ်ခတ်၊ ၃၆ ဦးထက်မနည်း သေဆုံး၊ ၁၁၁၇ ဦး ဒဏ်ရာရ စာမျက်နှာ - ၁၄

# စင်ကာပူဆီးဂိမ်းပြိုင်ပွဲ မြန်မာလှေလှော်အဖွဲ့ ကစားသမား ၈၇ ဦးဖြင့် ယှဉ်ပြိုင်မည်

**နေပြည်တော် မေ ၁၂**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကြီး စတင်ရန် ရက်ပေါင်း ၂၀ ကျော်သာ လိုတော့ပေသည်။ မြန်မာအားကစားအဖွဲ့များမှာ အပြီးသတ် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိပြီး မြန်မာလှေလှော်အဖွဲ့မှာလည်း အပြီးသတ်ကစားသမားများ ရွေးချယ်ကာ ရန်ကုန်မြို့ရှိ အင်းယားရေဇလာတွင် လေ့ကျင့်လျက်ရှိသည်။

မြန်မာလှေလှော်အဖွဲ့သည် ရိုးရာလှေ၊ အပြည်ပြည်ဆိုင်ရာလှေနှင့် ကနူးကယက်လှေပြိုင်ပွဲကို သုံးခုစလုံး၌ ယှဉ်ပြိုင်မည်ဖြစ်ပြီး အင်အား ၈၇ ဦးဖြင့် မြန်မာအားကစားအဖွဲ့များတွင် ကစားသမားအင်အား အများဆုံးလည်းဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲဝင်မည့် **စာမျက်နှာ ၁၃ ကော်လံ ၁ သို့** ✻



မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဌမနေ့တွင် ကချင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့က ဂျိန်းဖောရိုးရာစလေ့တေးသရုပ်ဖော်အကဖြင့် ယှဉ်ပြိုင်နေစဉ်။ (သတင်း စာမျက်နှာ - ၁၀) (ဓာတ်ပုံ-နိုင်လင်းကြည်)




themirror.npt@gmail.com
www.facebook.com/themirrordaily